# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၃ ရက်၊ အင်္ဂါနေ့ | အတွဲ(၆၆)၊ အမှတ်(၀၁၃)


## (၇၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပမည့် (၇၉)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၀၂၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်အထိ ၃၃ ရက်တိုင်တိုင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၈ နာရီခွဲ၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဏ္ဍပ်သဘင်၌လည်းကောင်း၊ စာပြန်ပွဲကို မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌လည်းကောင်း၊ ဆွမ်းဆက်ကပ်ခြင်းကို သုံးထပ်ဆွမ်းစားဆောင်တွင်လည်းကောင်း ၃၃ ရက် တိုင်တိုင် ကျင်းပမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ကမ္ဘာအေးကုန်းမြေ ရန်ကုန်မြို့၊ ညွှန်ကြားရေးမှူး ဖုန်း ၀၉-၆၆၂၂၂၅၈၄၄၊ ဒုတိယညွှန်ကြားရေးမှူး ဖုန်း ၀၉-၄၃၀၆၇၁၀၆ တို့သို့ ဆက်သွယ်၍ ထာဝရကုသိုလ်ရှင်များအဖြစ် စိုက်ထူလှူဒါန်းနိုင်ကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ❖

## လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၂

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်း၌ အောက်တိုဘာ ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကိုစောင့်ရှောက်ခြင်းဖြစ်**

နေပြည်တော် အောက်တိုဘာ ၁၂

ကျန်းမာရေး ဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်) များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်း စင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑



နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များ အလိုက်မှ ကိုယ်စားလှယ်တစ်ဦးအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများ ပေးအပ်စဉ်။

## လမ်းဖြတ်ကူးရာတွင် သတ်မှတ်နေရာမှ ဖြတ်သန်းခြင်းမပြုပါက ထိရောက်စွာ အရေးယူမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း လမ်းအသုံးပြုသူ ပြည်သူများအနေဖြင့် လမ်းဖြတ်ကူးရာတွင် သတ်မှတ်ထားသည့်နေရာမှ ဖြတ်သန်းခြင်း မပြုပါက အောက်တိုဘာ ၁၂ ရက်မှ စတင်၍ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊

စာမျက်နှာ ၄ ကော်လံ ၁ ❖



## ယနေ့ ဖတ်စရာ


အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေး ကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိ

လွှတ်တော်ရေးရာ ◆ စာ ◆ ၈

တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဆောက်လုပ်ရန် မြေနေရာ တောင်းခံသွားမည်ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်၍ အဆောက်အအုံဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်

လွှတ်တော်ရေးရာ ◆ စာ ◆ ၉

ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြည်တွင်းသတင်း ◆ စာ ◆ ၁၈


## မိုးတိမ်တောင်ရွေ့လျားရာနေရာတစ်လျှောက် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၂

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သည့် ပြည်သူ့စစ်မှုထမ်းတစ်ဦးအား အလုပ်အကိုင်ရရှိရေးအတွက် မလေးရှားနိုင်ငံသို့ စတင်စေလွှတ်

နေပြည်တော် အောက်တိုဘာ ၁၂

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ပြီးစီးခဲ့သူများအနက် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများကို ၎င်းတို့ဆန္ဒပြုသည့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နိုင်ရေး၊ ထိုသို့ သွားရောက်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိစေရေး၊ ဝန်ဆောင်ခများ သက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ ကုန်ကျစရိတ်ဖြင့် သွားရောက်နိုင်ရေးတို့အတွက်

စာမျက်နှာ ၄ ကော်လံ ၄ ❍

❑ ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဒေါက်တာစိုးဝင်း၊ ဒေါက်တာ သက်သက်ဇင်၊ ဦးမင်းနောင်၊ ဦးကိုကိုလွင်၊ ဒေါက်တာ ချာလီသန်း၊ ဦးမျိုးသန့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အငြိမ်းစားကျန်းမာရေးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန် (သစ်လွင်)များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပပြုလုပ်မည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းမောင်မယ်များက “ကျန်းမာစေသောလက်” တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ကျန်းမာရေးဝန်ကြီးဌာနအတွက် အားသစ်လောင်းပေးသည့်နေ့ဖြစ်သကဲ့သို့ နိုင်ငံတော်နှင့် ပြည်သူများအတွက်လည်း မင်္ဂလာရှိသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ပညာသင်ကြားမှုအဆင့် တစ်ခုပြီးဆုံးပြီး ဆည်းပူးလေ့လာခဲ့သည့် ပညာရပ်များကို ပြည်သူ့အကျိုးအတွက် လက်တွေ့အသုံးချမည့် ဆရာဝန်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝကို တရားဝင်စတင်သည့် အရေးကြီးသည့် မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိမည့် ခန့်အပ်လွှာသည် အလုပ်တစ်ခုရရှိကြောင်း အတည်ပြုသည့် စာရွက်စာတမ်းတစ်ခုသာမဟုတ်ဘဲ နိုင်ငံတော်နှင့် ပြည်သူလူထုက မိမိတို့အပေါ် ယုံကြည်အပ်နှံလိုက်သော တာဝန်ကိုကိုယ်စားပြုသည့် အမှတ်အသားတစ်ခုလည်းဖြစ်ကြောင်း၊ အဆိုပါ ယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံးအသုံးချကြရန် တိုက်တွန်းလိုကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်း ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးကဏ္ဍတွင် နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးအတွက် **“လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ”** ဆိုသည့် မူဝါဒနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးသည် အခြေခံကျသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စဉ်ဆက်မပြတ် အလေးထားကြပ်မတ်ဆောင်ရွက်ပေးနေကြောင်း။

ထို့အပြင် **“ဆေးရုံရှိလျှင်၊ ဆရာဝန်ရှိရမည်”** ဆိုသည့်အဓိကရည်မှန်းချက်ကိုပြည့်ဝစေရေးအလေးထားပြီး မြို့ပြနှင့်ကျေးလက်မကျန်၊ ဆင်းရဲချမ်းသာမရွေး လူတိုင်းလက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လက်ရှိ မြန်မာပြည်သူလူထု၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် မျှော်မှန်းသက်တမ်းကို နှစ် ၇၀ ကျော် တိုးမြှင့်လာစေရန် ရည်မှန်းပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အားသွန်ခွန်စိုက် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးအသုံးစရိတ်သည် ၂၀၀၀ ပြည့်နှစ်တွင် စုစုပေါင်း အစိုးရအသုံးစရိတ်၏ ၁ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ရှိခဲ့သော်လည်း ယခု ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်း၊ ကျပ်သန်း ၁၃၉၁ ဘီလီယံကျော်အထိ တိုးမြှင့်ပေးထားပြီး ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတော်ရန်ပုံငွေများကို နှစ်စဉ်တိုးမြှင့်ချထားပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကြီးတစ်ခုလုံး ပြည့်စုံကောင်းမွန်ရန်အတွက် ကျွမ်းကျင်သည့် ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များ ပြည့်ဝနေရန် အလွန်အရေးကြီးကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ကျန်းမာရေးအဆင့်မြှင့်တင်ရေးတွင် ပြည်သူလူထုအားလုံး လက်လှမ်းမီသည့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်ရန်အတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလောက်အောင်တိုးမြှင့်လေ့ကျင့် မွေးထုတ်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ၂၀၂၃ ခုနှစ်တွင် Naypyitaw State Academy ၌ ဆေးသိပ္ပံပညာမဟာဌာန (Faculty of Medicine)ကို ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ယခုအခါ ဆေးတက္ကသိုလ် ခြောက်ခုနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်၁၁ ခု စုစုပေါင်းတက္ကသိုလ် ၁၇ ခုရှိလာပြီဖြစ်ကြောင်း။

ထို့အပြင် ဆေးပညာဆိုင်ရာ သင်ရိုးညွှန်းတမ်းများကိုလည်း နိုင်ငံတကာအဆင့်မီအဖြစ် မျှော်မှန်းရလဒ်အခြေခံသည့် စုစည်းချိတ်ဆက်သင်ကြားခြင်း စနစ်ကို ပြောင်းလဲသင်ကြားလျက်ရှိပြီး ကျန်းမာရေးပညာရှင်များအကြား ယှဉ်တွဲလေ့လာသင်ယူမှု (Inter-professional Education)နှင့် လက်တွေ့ပူးပေါင်းဆောင်ရွက်တတ်စေရေးတို့ကိုပါ ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် တိုက်နယ်ဆေးရုံများတွင် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံမှုရှိစေရေးအတွက် လူသားအရင်းအမြစ်များကို နှစ်စဉ်စီမံချက်ဖြင့် လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ နောင်လာမည့် ၅ နှစ်၊ ၁၀ နှစ်နှင့် ၁၅ နှစ်အတွက် ရည်မှန်းချက်ထားပြီး ရေတို၊ ရေရှည်စီမံချက်များကိုလည်း ရေးဆွဲစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ နေထိုင်စားသောက်မှု၊ အုပ်ချုပ်မှု၊ အဆောက်အအုံနှင့် လိုအပ်သည့် ထောက်ပံ့ကြေးများကိုလည်း နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ကြောင်း၊ အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီးနောက် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာန၌ ယခုကဲ့သို့ အလုပ်ဝင်ရောက်လာကြသည်ကို အထူးဝမ်းမြောက်မိကြောင်း၊ နိုင်ငံတော်ကလည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အများပြည်သူလူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် ဇူလိုင်လတွင်လည်း သစ်လွင်ဆရာဝန် ၁၂၇၆ ဦးနှင့် သစ်လွင်သွားနှင့်ခံတွင်းဆရာဝန် ၂၃ ဦးတို့ကို ခန့်အပ်တာဝန်ပေးအပ်ခဲ့ပြီး ယခုအခါအဆိုပါ ဆရာဝန်များသည် တာဝန်ကျရာဒေသများတွင် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပြီး ဆေးပညာဘွဲ့လွန်သင်တန်းများ ဝင်ခွင့်ဖြေဆိုရန် ပြင်ဆင်နေကြပြီဟု သိရှိရကြောင်း။

ထိုသို့ ကျန်းမာရေးလူ့စွမ်းအားစုများကို ဖြည့်ဆည်းပေးနိုင်ရေးနှင့်အတူ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်ကပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများ ဖြစ်လာအောင်လည်း ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ကျန်းမာရေးလူ့စွမ်းအားစုများကို သမားဂုဏ်နှင့်အညီ ဆေးပညာကျင့်ဝတ်များဖြင့် ပြည်သူလူထုကို ဦးထိပ်ထားပြီး ကျန်းမာရေးဝန်ဆောင်မှုများပေးနိုင်ရန် စဉ်ဆက်မပြတ် မွေးထုတ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီးဖြစ်သည့် မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့် အလျောက် သက်ဆိုင်ရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အသီးသီးတို့တွင်လည်း လုပ်ငန်းခွင်အတွက် လိုအပ်သည့် အုပ်ချုပ်မှုဆိုင်ရာနှင့် ခေါင်းဆောင်မှုဆိုင်ရာ ပညာရပ်များကို ဆက်လက်သင်ကြားလေ့လာသွားနိုင်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လေ့လာသင်ယူရာတွင် ဖွဲ့ရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကြံ့ခိုင်မှု၊ သည်းခံမှုနှင့် စည်းကမ်းသေဝပ်မှု စသည့် အရည်အချင်းကောင်းများကိုလည်း မွေးမြူသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာပြီဖြစ်သည့်အတွက် မိမိ၏ပညာရပ်ဆိုင်ရာကျင့်ဝတ်ကို ထိန်းသိမ်းခြင်းနှင့်အတူ ရိုးသားမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု၊ စည်းကမ်းရှိမှုနှင့် အများပြည်သူအပေါ် လေးစားမှုတို့ကို အမြဲတမ်းထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မိမိ၏ လုပ်ဆောင်ချက်တစ်ခုချင်းစီသည် မိမိကိုယ်တိုင်၏ ဂုဏ်သိက္ခာသာမက ကျန်းမာရေးဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့်လည်း ဆက်စပ်နေသည်ကို အမြဲသတိပြုကြရန်လိုကြောင်း၊ ထို့အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်

*စာမျက်နှာ ၄ သို့*

✿ **ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်သည် ကျန်းမာရေးစောင့်ရှောက်မှုစနစ်၏ အရေးကြီးသည့် အခြေခံအင်အားတစ်ရပ်ဖြစ်ပြီး အလုပ်သင်ဆရာဝန်ကာလ အောင်မြင်ပြီးမြောက်ပြီးနောက် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်**

✿ **ပြည်သူ့ဆေးရုံများတွင် အများပြည်သူလူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆရာဝန်လစ်လပ်နေရာများ မြန်မြန်ဆန်ဆန် ပြန်လည်ဖြည့်တင်းနိုင်ရေးအတွက် အလုပ်သင်ဆရာဝန်ကာလပြီးမြောက်ခဲ့သည့် မောင်တို့မယ်တို့ကို တိုက်ရိုက်ခန့်အပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့**

✿ **ဆေးပညာရပ်များသည် အမြဲတမ်းတိုးတက်ပြောင်းလဲနေသည်ဖြစ်သည့်အတွက် ယနေ့သိထားသည့် အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ်နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ် သင်ယူလေ့လာကြရန်လိုအပ်**




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်တစ်ဦးအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိခန့်အပ်လွှာများ ပေးအပ်စဉ်။

"ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာနည်းပညာများကိုလည်း လေ့လာကြရန်နှင့် ရှေ့ဆက်မည့် ဆရာဝန်ဘဝတွင် ပညာရပ်နှင့်ကျင့်ဝတ်ကို အခြေခံပြီး လူနာကို ဦးထိပ်ထားကြရန်၊ မိမိတာဝန်ကျရာဒေသကို တန်ဖိုးထားကြရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန်လို"

*စာမျက်နှာ ၃ မှ*

စည်းမျဉ်းစည်းကမ်းများ၊ ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာနိုင်ရန် တာဝန်ထမ်းဆောင်ရမည့် ဆေးရုံများတွင် သင်တန်းပို့ချပေးရန်လည်း ကျန်းမာရေးဝန်ကြီးဌာနက စီစဉ်ထားပြီးဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

မောင်တို့မယ်တို့အနေဖြင့် မိမိတို့၏ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုကို အစဉ်အမြဲ မြှင့်တင်နေကြရန်လိုကြောင်း၊ လူနာများကို ကုသမှုပေးရာတွင် စေတနာ၊ ကရုဏာရှေ့ထားပြီး မိမိတို့၏ မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများသဖွယ် မိသားစုစိတ်ဓာတ်ဖြင့် ကုသမှုများ ပေးကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ဆေးဘက်ဆိုင်ရာ ကျင့်ဝတ်များကို လိုက်နာထိန်းသိမ်းပြီး လူနာကို နားထောင်ပေးခြင်း၊ လူနာနှင့် မိသားစုကို ရှင်းလင်းစွာရှင်းပြခြင်း၊ လူနာ၏ ကိုယ်ရေးအချက်အလက်နှင့် လျှို့ဝှက်ချက်ကို ထိန်းသိမ်းခြင်းနှင့် လူနာ၏ ဂုဏ်သိက္ခာကို လေးစားခြင်းတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ **မိမိတို့ Professional ၏ ဂုဏ်သိက္ခာ ထိန်းသိမ်းစောင့်ရှောက်သည့် နိုင်ငံတော်က အားကိုးရသည့် တာဝန်ယူမှုရှိသည့် လူနာဗဟိုပြု ဆရာဝန်ကောင်းများဖြစ်အောင် ကြိုးစားကြရန် လမ်းညွှန်မှာကြားလိုကြောင်း။**

ဆေးပညာရပ်များသည် အမြဲတမ်းတိုးတက်ပြောင်းလဲနေသည်ဖြစ်သည့်အတွက် ယနေ့သိထားသည့် အသိပညာသည် မနက်ဖြန်တွင် ထပ်မံတိုးတက်ပြောင်းလဲဆန်းသစ်နေနိုင်ကြောင်း၊ ထို့ကြောင့် ဆေးပညာရှင် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်သင်ယူလေ့လာကြရန်လိုအပ်ကြောင်း၊ ဘဝအတွက်၊ အသိပညာဗဟုသုတအတွက် စာဖတ်ခြင်းကို အမြဲမပြတ်ပြုလုပ်ရန်၊ အတွေ့အကြုံရှိသည့် ဆရာကြီး၊ ဆရာမကြီးများထံမှ သင်ယူလေ့လာကြရန်၊ မိမိတို့၏ လုပ်ဆောင်မှုများကို အမြဲပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်သည့် ကုသမှုမျိုးပေးနိုင်အောင် ကြိုးစားကြရန်၊ သုတေသနပြုလုပ်ပြီး ဆန်းသစ်တီထွင်ကြရန်၊ ကုသရေးတွင် ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ မောင်တို့မယ်တို့၏ ပညာရည်အဆင့်မြင့်မားလာစေရေးအတွက် မဟာဘွဲ့များ၊ ပါရဂူဘွဲ့များရရှိအောင်၊ အထူးကုများ၊ ပါမောက္ခကြီးများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန်လည်း အားပေးပြောကြားလိုကြောင်း။

ယခုခေတ်တွင် ဉာဏ်ရည်တုနည်းပညာအသုံးပြု ဆေးကုသမှုများ၊ ဒီဂျစ်တယ်ကျန်းမာရေး၊ အွန်လိုင်းကတစ်ဆင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ခေတ်မီတိုးတက်သည့် ဆေးဘက်ဆိုင်ရာနည်းပညာများကိုလည်း လေ့လာကြရန်မှာကြားလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်သူတစ်ရပ်လုံး သက်တမ်းစေ့ အသက်ရှည်စွာ နေထိုင်နိုင်ရေး၊ ရောဂါဘယကင်းဝေးစေရေးအတွက် ဦးတည်ချက်ထားပြီး နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယနေ့ကျင်းပသည့် အခမ်းအနားသည် အဆိုပါ ရည်ရွယ်ချက်များ အောင်မြင်စေရန် အလွန်အရေးပါသည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ ယနေ့ မောင်တို့မယ်တို့ လက်ခံရရှိသည့် ခန့်အပ်လွှာသည် တာဝန်စတင်ခြင်းကိုသာမဆိုလိုဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု၏ ယုံကြည်အပ်နှံမှုကို လက်ခံရရှိခြင်းလည်းဖြစ်ကြောင်း၊ ယင်းယုံကြည်မှုကို တန်ဖိုးထားပြီး မိမိတို့၏ ပညာ၊ အချိန်၊ အင်အားနှင့် စေတနာတို့ကို ပြည်သူ့ကျန်းမာရေးအတွက် အကောင်းဆုံး အသုံးချကြရန်၊ ရှေ့ဆက်မည့် ဆရာဝန်ဘဝတွင် ပညာရပ်နှင့်ကျင့်ဝတ်ကို အခြေခံပြီး လူနာကို ဦးထိပ်ထားကြရန်၊ မိမိတာဝန်ကျရာ ဒေသကို တန်ဖိုးထားကြရန်၊ လုပ်ဖော်ကိုင်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်ကြရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူကြရန် မှာကြားလိုကြောင်း။

**ပြည်သူတစ်ဦးချင်းစီ၏ ကျန်းမာရေးကို စောင့်ရှောက်ခြင်းသည် မိသားစုတစ်စု၏ အနာဂတ်ကို စောင့်ရှောက်ခြင်းလည်းဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့၏ပညာနှင့်စေတနာကိုပြည်သူ့အကျိုးအတွက် အကောင်းဆုံးအသုံးချကြရန်၊ နိုင်ငံတော်က အားထားရသည့် ဆရာဝန်ကောင်းများ၊ ပြည်သူက ယုံကြည်အားကိုးရသည့် ကျန်းမာရေးပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဆေးတက္ကသိုလ်များအလိုက်မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီအလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် ဆရာဝန်(သစ်လွင်) ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်းသက်ရှည်ကျန်းမာစွာ နေထိုင်ရေးနှင့် ရောဂါဘယကင်းရှင်းရေး လုပ်ငန်းရည်မှန်းချက်အပေါ် လုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် ဆေးတက္ကသိုလ်-၁(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက "သွေးချင်းတို့ရဲ့မြေ" သီချင်းဖြင့် တေးသရုပ်ဖော် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

✤ *(၇၉)ကြိမ်မြောက်မှ*

ဖွင့်ပွဲအခမ်းအနားနှင့် စာပြန်ပွဲသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီး နှစ်ပါး၊ တိပိဋကဓရ တိပိဋကကောဝိဒဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ကိုးပါး၊ ပုစ္ဆကဆရာတော် လေးပါး၊ ကြီးကြပ်ရေး ဆရာတော်လေးပါး၊ စာထောက်စာမ ဆရာတော်အပါး ၁၇၀၊ အာဂုံပြန်စာရင်းသွင်း သံဃာ ၂၈၆ ပါး၊ သဘောရေးဖြေစာရင်းသွင်းသံဃာ ၂၆၇ ပါး စုစုပေါင်း ၇၄၂ ပါးတို့ ကြွရောက်တော်မူကြမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

---

✤ *လမ်းဖြတ်ကူးရာတွင်မှ*

လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီမှ သိရသည်။

စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ လမ်းဖြတ်ကူးရန် သတ်မှတ်ထားသည့် မြေအောက်လမ်း၊ ခုံးကျော်တံတား၊ လူကူးမျဉ်းကျားနှင့် ခွင့်ပြုထားသောနေရာများမှ လမ်းဖြတ်ကူးရမည်ဖြစ်ပြီး စည်းကမ်းလိုက်နာမှု မရှိပါက ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၉၆ အရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်သည်။

"လမ်းဖြတ်ကူးသူတွေအနေနဲ့ သတ်မှတ်ထားတဲ့ လူကူးမျဉ်းကျား၊ ခုံးကျော်တံတား၊ မြေအောက်လမ်းကနေ ဖြတ်သန်းဖို့ ပညာပေးကာလအဖြစ် ဆောင်ရွက်ခဲ့ပြီးပါပြီ။ ဒီနေ့ကစပြီး အရေးယူမှု စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ကာကွယ်ပေးလိုတဲ့အတွက် အခုလို ဆောင်ရွက်တာဖြစ်ပါတယ်"ဟု ကျောက်တံတားမြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးမိုးဝင်းက ပြောသည်။

သက်ဆိုင်ရာ မြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့များက ပြည်သူများ လူကူးမျဉ်းကျားနှင့် ခုံးကျော်တံတားကို စနစ်တကျ ဖြတ်သန်းသွားလာအသုံးပြုကြရန် အသိပညာပေးကာလ သတ်မှတ်ပြီး အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဆူးလေခုံးကျော်တံတား၊ ပန်းဆိုးတန်း ခုံးကျော်တံတား၊ ဗိုလ်တထောင်ဘုရားခုံးကျော်တံတား၊ စမ်းချောင်း မဟာမြိုင် ခုံးကျော်တံတား၊ လှည်းတန်းခုံးကျော် တံတား၊ ဗိုလ်ချုပ်ဈေး ခုံးကျော်တံတားနှင့် ကမ္ဘာအေးဘုရားခုံးကျော်တံတားတို့တွင် နေ့စဉ်ပြည်သူ အများအပြား သွားလာလျက်ရှိပြီး ခုံးကျော်တံတားကို အသုံးမပြုဘဲ တံတားအောက်မှ စည်းကမ်းမဲ့စွာ ဖြတ်သန်းသွားလာမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ လူနှင့်ယာဉ် ထိခိုက်မှုများ ဖြစ်ပွားလေ့ရှိသည့်အတွက် အောက်တိုဘာ ၁၂ ရက်မှ စတင်ကာ သတ်မှတ်စည်းကမ်းများကို လိုက်နာမှုမရှိသူများအား ဒဏ်ငွေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)**
**ဓာတ်ပုံ- ဖွဲ့မာန်**

---

❍ *ပြည်သူ့စစ်မှုထမ်းမှ*

မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်ရှာဖွေပေးခြင်း၊ စာရင်းပြုစုခြင်း၊ အရည်အချင်းစိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းပို့ချခြင်းနှင့် စေလွှတ်ရေးလုပ်ငန်းစဉ်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုကြောင်း ဆန္ဒပြုခဲ့သည့် ပြည်သူ့စစ်မှုထမ်းများအနက် ပြည်သူ့စစ်မှုထမ်း တစ်ဦး(**ယာပုံ**)အား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် Golden Plant Services Co., Ltd. အစီအစဉ်ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက် လုပ်ကိုင်နိုင်ရေး စတင်စေလွှတ်ပေးနိုင်ခဲ့ပြီး မလေးရှားနိုင်ငံ၌ လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေပြီဖြစ်သည်။

ဆက်လက်၍ ထိုင်းနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးနှင့် မလေးရှားနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းသို့ ငါးဦးတို့အား အမြန်စေလွှတ်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ပြီးစီးခဲ့သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ လူမှုစီးပွားဘဝ ပိုမိုကောင်းမွန်တိုးတက်လာရုံမျှမက အနာဂတ်အတွက် ကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်လေဆိပ်သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြကြစဉ်။

## ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှု

ထို့နောက် လေဆိပ်အစည်းအဝေးခန်းမတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် ဝင်းမင်းတို့က ထားဝယ်လေဆိပ်ဆိုင်ရာအချက်အလက်များ၊ ထားဝယ်လေဆိပ် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းတို့အား ဘဏ္ဍာရေးနှစ်အလိုက် အဆင့်မြှင့်တင်တိုးချဲ့တည်ဆောက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုအား ကြိုတင်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်မှုရှိစေရေး၊ လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ဆင်းသက်နိုင်ရေးနှင့် လေယာဉ်ပြေးလမ်းတစ်လျှောက် ရေဝပ်ဇရိယာများမရှိစေရေး ရေနုတ်မြောင်းများ စနစ်တကျ တွက်ချက်ထည့်သွင်းတည်ဆောက်သွားရန်လိုကြောင်းနှင့် လေယာဉ်ပြေးလမ်း ဘယ်ညာလမ်းပခုံးမြေသားများ စနစ်တကျဖော်ဆောင်ခြင်း၊ ပြေးလမ်းတစ်လျှောက် ပတ်ဝန်းကျင်တွင် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ရွှေဝယ်သီရိပညာ့ဗိမာန် စာကြည့်တိုက်

ဆက်လက်၍ ထားဝယ်မြို့ ညောင်ရမ်း(တောင်) ရပ်ကွက်ရှိ ရွှေဝယ်သီရိပညာ့ဗိမာန် စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်အတွင်း စာဖတ်ခန်း၊ E-Library၊ သုတစာအုပ်စင်နှင့် စာကြည့်တိုက်အတွင်း သုတ၊ ရသစာအုပ်များ စနစ်တကျထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် အများပြည်သူအသိဉာဏ်ပညာဗဟုသုတတိုးပွားလာစေရန်နှင့် စာအုပ်စာပေများကို အလွယ်တကူဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက်လုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်သွားရန်၊ စာဖတ်သူများ ပိုမိုတိုးပွားလာစေရေး အားပေးစည်းရုံးဆောင်ရွက်သွားရန်၊ စာကြည့်တိုက်တွင် သုတ၊ ရသစာအုပ်စာစောင်များ အမြဲမပြတ် ဖြည့်ဆည်းပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ရွှေဝယ်သီရိပညာ့ဗိမာန်စာကြည့်တိုက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

## ရွှေဝယ်သီရိ အားကစားကွင်း

ယင်းနောက် ရွှေဝယ်သီရိ အားကစားကွင်းသို့ ရောက်ရှိကြပြီး ပွဲကြည့်စင်အသစ် တည်ဆောက်ရန် လျာထားဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် အားကစားကွင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပွဲကြည့်စင်အသစ်တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် အားကစားကွင်းအား စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးနှင့် အထူးတန်းအပါအဝင်ပွဲကြည့်စင်သစ်များ ထပ်မံတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကာ ထားဝယ်မြို့အတွင်းနှင့် ကမ်းနားလမ်းတစ်လျှောက် မြို့ပြဖွံ့ဖြိုးမှုနှင့် ကမ်းနားလမ်းအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

## တနင်္သာရီတိုင်းဒေသကြီးယဉ်ကျေးမှုပြတိုက်

ဆက်လက်၍ ဆန်းချီရပ်ကွက် ကမ်းနားလမ်းရှိ တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ သဘာဝအလှရှုခင်းများ ပြခန်း၊ ဆလုံတိုင်းရင်းသားပြခန်း၊ ရိုးရာပွဲတော်များပြခန်း၊ ရိုးရာလက်မှုလုပ်ငန်းများပြခန်း၊ ကျောက်ခေတ်လူသားများနေထိုင်သည့်ဂူနှင့် ကျောက်ခေတ်သုံးလက်နက်များ၊ ရှေးဟောင်းယဉ်ကျေးမှုအနုပညာလက်ရာများ၊ သမိုင်းဝင်အသုံးအဆောင်ပစ္စည်းများ၊ တနင်္သာရီဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ရှေးဟောင်းမြို့တော်များ ပြခန်း၊ ရိုးရာစီးပွားရေးလုပ်ငန်းများပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် နိုင်ငံတော်သမ္မတသည် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြတိုက်အတွင်းရှိ ရှေးဟောင်းပစ္စည်းများနှင့် သမိုင်းဝင်မှတ်တမ်းများ၊ အထောက်အထားများသည် ငွေကြေးနှင့် တန်ဖိုးမဖြတ်နိုင်သော အဖိုးတန်အမွေအနှစ်များဖြစ်သည့်အတွက် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးယိုယွင်းမှုမရှိစေရန် အထူးဂရုပြုစောင့်ရှောက်ထိန်းသိမ်းသွားရန်လိုကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရှေးဟောင်းမြို့တော်များ၏ ပုံစံငယ်ပြသထားရှိမှုအား ခေတ်စနစ်နှင့်လျော်ညီစွာ ပြန်လည်ပြုလုပ်ပြသသွားရန်လိုကြောင်း၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာများမှ ဖော်ပြချက်များအား ရေရှည်မပျောက်ပျက်စေရေးနှင့် နောင်လာနောက်သားတို့ သိရှိနိုင်ရေး နည်းပညာအသုံးပြု၍ ပြန်လည်ကူးယူထိန်းသိမ်းခြင်း၊ ဖော်ပြချက်များ၏ အဓိပ္ပာယ်နှင့် သမိုင်းနောက်ခံများအား ရှေးဟောင်းသုတေသနဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ဖော်ထုတ်ခြင်းတို့ဖြင့် မြန်မာ့ရိုးရာစာပေယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်သွားရန်လိုကြောင်း၊ ပြခန်းများအလိုက် ရှေးဟောင်းပစ္စည်းများ၊ စေတီပုထိုးများ၊ ဘုရားများတွင်လည်း လာရောက်ကြည့်ရှုလေ့လာသူများ လွယ်ကူရှင်းလင်းစွာသိရှိနိုင်ရေး အကြောင်းအရာများ၊ ခုနှစ်၊ သက္ကရာဇ်များ၊ သက်တမ်းများကို ဖော်ပြထားရန်လိုကြောင်း။

ပြတိုက်သို့ ရပ်နီးရပ်ဝေးမှ လာရောက်လေ့လာကြသူများအပြင် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အခြေခံပညာကျောင်းသား ကျောင်းသူများအနေဖြင့်လည်း လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းအားဖြင့် မိမိတို့နိုင်ငံနှင့်လူမျိုး၊ မိမိတို့ဒေသ၏ သမိုင်းကြောင်းအစဉ်အလာ၊ အမျိုးသားရေးလက္ခဏာ (National Identity)၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့်

*စာမျက်နှာ ၆ သို့*



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိပညာ့ဗိမာန်စာကြည့်တိုက်၌ သုတ၊ ရသစာအုပ်များ စနစ်တကျထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်၌ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် အောက်တိုဘာ ၁၂

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ကျက်သရေဆောင် လောကမာရဇိန် ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညို၍ နိုင်ငံတော်သမ္မတက ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံမှုများ ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတသည် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီး ဉ္ဇ်သည်တော်မှတ်တမ်း စာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဓမ္မလက်ဆောင် ပြန်လည်ပေးအပ်ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးအတွက် ဘက်စုံအလှူငွေများ ပေးအပ်ရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြစဉ်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စားစေတီတော်မြတ်ကြီးရှိ မဟာဝိဇယ ခေမသီတလ နိဗ္ဗုတ ဃောသ မဟာ ခေါင်းလောင်းတော်ကြီးအား ထိုးခတ်ပူဇော်သည်။

ဆက်လက်၍ စေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း ရှေးဟောင်းသမိုင်းဝင် ရဟန္တာသိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး သိမ်တော်ကြီးအား ရှေးမူလက်ရာမပျက် ထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရွှေတောင်စားစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော် ကြည်ညိုပြီး ထားဝယ်မြို့ ကျက်သရေဆောင် လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် ကြည်ညိုသပ္ပာယ်ဖွယ် ဖြစ်စေရေး ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်၊ စေတီတော်ကြီး ရင်ပြင်တော်ရှိ အက်ကွဲ ပျက်စီးလျက်ရှိသည့် ကြွေပြားများအား ပြန်လည်ပြုပြင်လဲလှယ်သွားရန်နှင့် ရင်ပြင်တော်အား အမြဲသန့်ရှင်းနေစေရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

## သက်တော်ရှည် ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့် အခြေအနေများအား သွားရောက်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထားဝယ်မြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် သက်တော် ၁ဝ၄ နှစ် ဝါတော် ၈၄ ဝါတော်ရှိ သက်တော်ရှည် ဆရာတော်ကြီးဖြစ်သော ထားဝယ်မြို့ ဇေယျဝတီစာသင်တိုက် ပဓာနနာယက ဂဏဝိမုတ်ကူးတို့ဂိုဏ်းချုပ်ဆရာတော်အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အရိန္ဒမအား ကျန်းမာရေးစောင့်ရှောက်ပေးထားမှု အခြေအနေများကို သွားရောက်ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတသည် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ အမြဲမပြတ်စောင့်ကြည့်၍ လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး ဆရာတော်ကြီးအား ဖူးမြော်ကြည်ညို၍ နဝကမ္မအလှူငွေများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ ဆေးရုံအဆင့်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး ဆေးရုံဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၅ မှ*

ဘာသာ သာသနာ၊ ယဉ်ကျေးမှုတို့၏ ကြီးမြတ်သည့် ရိုးရာတန်ဖိုးများနှင့် ဒေသထုတ်ကုန်များ အစရှိသဖြင့် မိမိဒေသရပ်ရွာအပေါ် ပိုမိုနားလည်သဘောပေါက်သိရှိလာမည်ဖြစ်ပြီး နိုင်ငံနှင့် လူမျိုး၊ ဒေသကို ချစ်မြတ်နိုးစိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စဉ်ဆက်မပြတ် ဆက်လက်လက်ဆင့်ကမ်းထိန်းသိမ်းလိုစိတ်များ ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ (Indoor Stadium)

ထို့နောက် ထားဝယ်မြို့ ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံ(Indoor Stadium) တည်ဆောက်မည့်မြေနေရာသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများနှင့် ထားဝယ်မြို့ ကမ်းနားလမ်းအား အပိုင်းအလိုက် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရေကူးကန်၊ ဒိုင်ဗင်ကန်နှင့် ပွဲကြည့်စင်ပါ မိုးလုံလေလုံအဆောက်အအုံတည်ဆောက်ရာတွင် ရေရှည်



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရွှေဝယ်သီရိ အားကစားကွင်းအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

အတွက် စနစ်တကျတွက်ချက်၍ ခေတ်နှင့်အညီ အဆင့်အတန်းမီမီ တည်ဆောက်သွားရန်နှင့် သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်သွားရန် လိုကြောင်း၊ ထားဝယ်မြို့ ကမ်းနားလမ်းအား နှစ်လမ်းသွားမှ လေးလမ်းသွားလမ်းမကြီးအဖြစ် ယာဉ်များ လမ်းဘေးချရပ်နိုင်သည့် ယာဉ်ချရပ်များ၊ ဆိုင်ကယ်စီးနင်းသွားလာနိုင်သည့်လမ်းများအပါအဝင် တိုးချဲ့ဆောင်ရွက်သွားရန်နှင့် ထားဝယ်မြို့အတွင်းရှိလမ်းများအား အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ရာတွင် နောင်အနာဂတ်ကာလတွင် ဖြစ်ပေါ်လာနိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ပိုမိုများပြားလာနိုင်မှုအပေါ် မူတည်တွက်ချက်၍ လမ်းများကို စနစ်တကျ တိုးချဲ့ဖောက်လုပ်သွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက်နှင့် လူနေရပ်ကွက်များအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာများကောင်းမွန်နေစေရေး ရေနုတ်မြောင်းများ စနစ်တကျ ဖောက်လုပ်ထားရှိရန်နှင့် ရေမြောင်းများအတွင်း အမှိုက်များပိတ်ဆို့မှုမရှိစေရေး အမြဲမပြတ်ဖယ်ရှားရှင်းလင်းသွားရန်လိုကြောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် လမ်းမီးတိုင်များ စနစ်တကျတပ်ဆင်ထားရှိရန်နှင့် ရာသီဥတုဒဏ်ကို ခံနိုင်သည့် အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပန်းတိုင်းပွင့်ဖို့ လက်တွဲစိုက်ပျိုးကြစို့

ဒေါက်ဇော်(သလ္လာမြေ)

**ပန်းတစ်ပွင့်သည် တစ်နေ့တည်းဖြင့် ပွင့်လာခြင်း မဟုတ်ပါ။ မြေကောင်း ယာကောင်း၊ ရေတစ်စက်၊ နေရောင်ခြည်နှင့် စောင့်ရှောက်ပေးသူ၏ စေတနာတို့ပေါင်းစပ်မှ ပန်းတစ်ပွင့်လှပစွာ ပွင့်လန်းလာနိုင်ပါသည်။ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလည်း ထိုနည်းတူပင် ဖြစ်သည်။ ငြိမ်းချမ်းသော ပတ်ဝန်းကျင်၊ ယုံကြည်မှု၊ ပညာရေး၊ အလုပ်အကိုင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုတို့ လိုအပ်ပါသည်။**

> **❝ နယ်စပ်ဒေသတစ်ခုတွင် လုံခြုံမှုနှင့် ယုံကြည်မှုတိုးတက်လာပါက လမ်းများ၊ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်သည်။ လူငယ်များအတွက် အလုပ်အကိုင်များ ပေါ်ပေါက်လာနိုင်သည်။ ဒေသခံများ၏ ဝင်ငွေတိုးလာနိုင်သည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးအင်အားကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို သီးခြားအကြောင်းအရာများအဖြစ်မမြင်ဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် လမ်းကြောင်းနှစ်ခုအဖြစ် မြင်ရန်လိုအပ် ❞**

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှုများနှင့် ဒေသအလိုက် ထူးခြားသည့် ဝိသေသများ စုံလင်စွာ ပေါင်းစည်းတည်ရှိနေသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ နှစ်ပေါင်းများစွာအတွင်း ဒေသအချို့၌ ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများကြောင့် လူမှုဘဝနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း ယင်းအတွေ့အကြုံများမှတစ်ဆင့် ငြိမ်းချမ်းရေး၊ အပြန်အလှန် နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့၏ တန်ဖိုးကို ပိုမိုနက်ရှိုင်းစွာ သိမြင်လာနိုင်ပါသည်။ ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသအသီးသီး၏ လူမှုစီးပွားဘဝပိုမိုကောင်းမွန်လာရေးကို အားပေးမြှင့်တင်ရန်မှာ အရေးကြီးသော ရည်မှန်းချက်တစ်ရပ် ဖြစ်ပါသည်။

အတိတ်က အခက်အခဲများကို အခြေခံ၍ ကွဲပြားမှုများကို ပိုမိုနက်ရှိုင်းစေခြင်းထက် အပြန်အလှန် ယုံကြည်မှု၊ နားလည်မှုများဖြင့် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်များကို ခိုင်မာအောင် တည်ဆောက်ရမည်ဖြစ်ပါသည်။ ဒေသအသီးသီးရှိ ပြည်သူများ၏ လူမှုဘဝ ပိုမိုကောင်းမွန်လာရေး၊ ကလေးများနှင့် လူငယ်များ ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိရေး၊ အလုပ်အကိုင်နှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ တိုးပွားရေးတို့ကို ဦးစားပေးဆောင်ရွက်နိုင်ပါက ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့်တစ်ခု အားဖြည့်ပေးသည့် အင်အားများ ဖြစ်လာမည် ဖြစ်ပါသည်။

**အတိတ်၏ စိန်ခေါ်မှုများကို အနာဂတ်၏ မျှော်လင့်ချက်အဖြစ် ပြောင်းလဲနိုင်ရန်မှာ အားလုံး၏ ပူးပေါင်းပါဝင်မှု၊ အပြန်အလှန်လေးစားမှုနှင့် စိတ်ရှည်စွာ လက်တွဲဆောင်ရွက်မှုတို့ဖြင့် တည်ဆောက်ရမည့် လမ်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ထိုလမ်းစဉ်ပေါ်တွင် တစ်ဆင့်ချင်း လက်တွဲလျှောက်လှမ်းပါက မြန်မာနိုင်ငံ၏ ဒေသအသီးသီးတွင် ငြိမ်းချမ်းရေး၏ အလင်းရောင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး၏ အခွင့်အလမ်းများ ပိုမိုပွင့်လန်းလာမည် ဖြစ်ပါသည်။**

## ပဋိပက္ခသည် လူများကိုသာ မထိခိုက်ဘဲ အနာဂတ်ကိုပါ ထိခိုက်စေသည်

ပဋိပက္ခဖြစ်ပွားသောအခါ နေရာတစ်ခုတည်းသာ ထိခိုက်သည်မဟုတ်ပါ။ မိသားစုများ ယာယီနေရပ်စွန့်ခွာရသည်။ ကလေးများ ပညာသင်ယူခွင့် ပြတ်တောက်နိုင်သည်။ ကျန်းမာရေးဝန်ဆောင်မှုများ ထိခိုက်နိုင်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်လာနိုင်သည်။ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံရန် သတိထားလာနိုင်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးသည် နိုင်ငံရေးဆိုင်ရာ အကြောင်းအရာတစ်ခုတည်း မဟုတ်ပါ။ **ကလေးတစ်ဦး ပုံမှန်ကျောင်းတက်နိုင်ရေး၊ မိသားစုတစ်စု အလုပ်အကိုင်ရရှိရေး၊ လယ်သမားတစ်ဦး လုံခြုံစွာ စိုက်ပျိုးနိုင်ရေးနှင့် လူငယ်တစ်ဦး မိမိအနာဂတ်ကို မိမိရွေးချယ်နိုင်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေသော** လူမှုဘဝအခြေခံတစ်ရပ် ဖြစ်သည်။

## မုန်းတီးမှုကို မုန်းတီးမှုဖြင့် မကုသနိုင်

ရှည်လျားသော ပဋိပက္ခများတွင် တစ်ဖက်နှင့်တစ်ဖက် နာကျင်မှုများ စုဆောင်းလာတတ်သည်။ ဆုံးရှုံးမှုများ ရှိလာသည်။ ယုံကြည်မှုများ ပျက်စီးလာသည်။ မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ ကြောက်ရွံ့မှုနှင့် မယုံကြည်မှုများ လက်ဆင့်ကမ်းသွားနိုင်သည်။

သို့သော် မုန်းတီးမှုကို မုန်းတီးမှုဖြင့် ပြန်လည်ဖြေရှင်း၍ မရနိုင်ပါ။ အကြမ်းဖက်မှုသည် အကြမ်းဖက်မှုကို ထပ်မံဖြစ်ပေါ်စေနိုင်သကဲ့သို့ လက်တုံ့ပြန်မှုသည် နာကျင်မှုကို ပိုမိုရှည်လျားစေနိုင်သည်။ ထို့ကြောင့် အသက်အိုးအိမ်နှင့် လူ့ဂုဏ်သိက္ခာကို ဦးစားပေးကာကွယ်ခြင်း၊ လူသားချင်း စာနာမှုဆိုင်ရာ အခြေခံမှုများကို လေးစားခြင်းနှင့် အငြင်းပွားမှုများကို စကားဝိုင်းမှတစ်ဆင့် ဖြေရှင်းရန်နေရာ ဖန်တီးခြင်းသည် အရေးကြီးသည်။

ငြိမ်းချမ်းရေးသည် တစ်ဖက်က အနိုင်ရပြီး တစ်ဖက်က အရှုံးပေးရသည့် ရလဒ်တစ်ခုသာ မဟုတ်ပါ။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဆိုသည်မှာ **လူတိုင်း၏ အသက်၊ ဂုဏ်သိက္ခာ၊ အခွင့်အရေးနှင့် အနာဂတ်ကို တန်ဖိုးထားနိုင်သည့် ပတ်ဝန်းကျင်တစ်ခု** ဖြစ်ပါသည်။

## နယ်စပ်ဒေသများ ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မှုများလည်း လမ်းဖွင့်နိုင်မည်

မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများသည် ပဋိပက္ခဖြစ်ပွားရာနေရာများသာ မဟုတ်ပါ။ ထိုဒေသများသည် နိုင်ငံတကာကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဖလှယ်မှု၊ စိုက်ပျိုးရေး၊ သယံဇာတနှင့် လူမှုစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးကြီးသော တံခါးပေါက်များလည်း ဖြစ်ကြသည်။

နယ်စပ်ဒေသတစ်ခုတွင် လုံခြုံမှုနှင့် ယုံကြည်မှု တိုးတက်လာပါက လမ်းများ၊ ဈေးများ၊ ကျောင်းများ၊ ဆေးရုံများနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးလာနိုင်သည်။ လူငယ်များအတွက် အလုပ်အကိုင်များ ပေါ်ပေါက်လာနိုင်သည်။ ဒေသခံများ၏ ဝင်ငွေတိုးလာနိုင်သည်။ ထိုမှတစ်ဆင့် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးအင်အားကိုလည်း တိုးမြှင့်ပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို သီးခြားအကြောင်းအရာများအဖြစ်မမြင်ဘဲ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် လမ်းကြောင်းနှစ်ခုအဖြစ် မြင်ရန်လိုအပ်သည်။

## အာဆီယံဒေသနှင့် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက် လျှော့ချရန် ငြိမ်းချမ်းရေး လိုအပ်သည်

အာဆီယံဒေသသည် စီးပွားရေး၊ နည်းပညာ၊ ပညာရေး၊ ထုတ်လုပ်မှုနှင့် ဒီဂျစ်တယ် ဖွံ့ဖြိုးရေးတို့တွင် လျင်မြန်စွာ ပြောင်းလဲနေသည်။ ၂၀၂၆ ခုနှစ် Asian Development Bank ၏ စီးပွားရေး အလားအလာအရ ဖွံ့ဖြိုးဆဲ အရှေ့တောင်အာရှနိုင်ငံများ၏ တိုးတက်မှုမှာ အချို့နိုင်ငံများတွင် ပိုမိုအားကောင်းလာသော်လည်း မြန်မာနိုင်ငံအပါအဝင် အချို့နိုင်ငံများ၏ အလားအလာမှာ ဖိအားများနှင့် ရင်ဆိုင်နေရသည်။

ထိုကွာဟချက်ကို လျှော့ချရန် မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခကိုသာ အာရုံစိုက်နေရသည့် အခြေအနေမှ တဖြည်းဖြည်းကျော်လွန်ကာ **ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ ထုတ်လုပ်မှု၊ နည်းပညာနှင့် ကုန်သွယ်ရေးတို့ကို** တစ်ပြိုင်နက်တည်း ပြန်လည်တည်ဆောက်ရန် လိုအပ်ပါသည်။

ယင်းအတွက် ပထမဆုံးလိုအပ်သည့် အရင်းအမြစ်မှာ လူသားအရင်းအမြစ်ဖြစ်သည်။ ကလေးများ ပညာသင်ယူနိုင်မှ လူငယ်များ ကျွမ်းကျင်လာမည်။ လူငယ်များ ကျွမ်းကျင်လာမှ စီးပွားရေးလုပ်ငန်းများ တိုးတက်လာမည်။ စီးပွားရေးတိုးတက်လာမှ မိသားစုများ၏ လူနေမှုဘဝ ပိုမိုကောင်းမွန်လာမည်။ ထိုအရာအားလုံး၏ အခြေခံတွင် လုံခြုံမှုနှင့်ငြိမ်းချမ်းမှုရှိရန် လိုအပ်သည်။

## ပန်းတိုင်းပွင့်ရန် အားလုံးက မိမိနေရာမှ စတင်ကြစို့

ငြိမ်းချမ်းရေးကို နိုင်ငံရေးခေါင်းဆောင်များ၊ အဖွဲ့အစည်းများ သို့မဟုတ် လက်နက်ကိုင်အဖွဲ့များ၏ တာဝန်တစ်ခုတည်းဟု မမြင်သင့်ပါ။ အမှန်တကယ် ရေရှည် တည်တံ့သော ငြိမ်းချမ်းရေးသည် လူမှုအဖွဲ့အစည်းတစ်ခုလုံး၏ နေ့စဉ်အပြုအမူများမှလည်း ပေါ်ပေါက်လာနိုင်သည်။

မိသားစုအတွင်း အပြန်အလှန်လေးစားခြင်းမှ စတင်နိုင်သည်။ ကျောင်းတွင် မတူညီသော အမြင်များကို နားထောင်တတ်ရန် သင်ကြားခြင်းမှ စတင်နိုင်သည်။ လူမှုကွန်ရက်များတွင် မုန်းတီးစေသော စကားများထက် အချက်အလက်မှန်နှင့် နားလည်မှုကို မျှဝေခြင်းမှ စတင်နိုင်သည်။ ရပ်ရွာအတွင်း အခက်အခဲရှိသူကို ကူညီခြင်းမှ စတင်နိုင်သည်။

ထို့ပြင် မတူညီသော လူမှုအဖွဲ့အစည်းများ အကြား ယုံကြည်မှုတည်ဆောက်ရေး၊ လူငယ်များအတွက် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများ၊ ပဋိပက္ခဒေသများတွင် အခြေခံဝန်ဆောင်မှုများ ပြန်လည်ရရှိရေးနှင့် လူသားချင်းစာနာမှုအကူအညီများ လုံခြုံစွာရောက်ရှိရေးတို့ကို တဖြည်းဖြည်း အားပေးတည်ဆောက်ရန် လိုအပ်သည်။ ထိုအရာများသည် တစ်ရက်တည်းဖြင့် ပြီးမြောက်မည် မဟုတ်သော်လည်း အဆင့်ဆင့် ဆောင်ရွက်နိုင်ပါသည်။

## မည်သူကမျှ အတင်းအကျပ် ဖန်တီး၍ မရ

ပန်းတစ်ပွင့်ကို ပွင့်လာစေရန် မည်သူကမျှ အတင်းအကျပ် ဖန်တီး၍ မရပါ။ သင့်လျော်သော မြေ၊ ရေ၊ လေ၊ နေရောင်နှင့် စောင့်ရှောက်မှု ပေးရပါသည်။ ထိုအခါ ပန်းသည် အချိန်အခါနှင့်အညီ သဘာဝတရားထောက်ပံ့မှုဖြင့် လှပစွာပွင့်လာပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုလည်း ထိုနည်းတူပင် ဖြစ်သည်။ အတင်းအကျပ်ဖြင့် ယုံကြည်မှုကို တည်ဆောက်၍ မရပါ။ မုန်းတီးမှုဖြင့် စည်းလုံးညီညွတ်မှုကို မဖန်တီးနိုင်ပါ။ ပဋိပက္ခကို ပဋိပက္ခဖြင့် အဆုံးသတ်ရန် ကြိုးစားခြင်းထက် **စကားပြောနိုင်သောနေရာ၊ နားထောင်နိုင်သော စိတ်၊ အပြန်အလှန်လေးစားနိုင်သော ယဉ်ကျေးမှုနှင့် လူသားဘဝကို တန်ဖိုးထားနိုင်သော နိုင်ငံရေးနှင့် လူမှုဝန်းကျင်**ကို တည်ဆောက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် မတူညီသော တိုင်းရင်းသားလူမျိုးများ၊ ယဉ်ကျေးမှုများနှင့် ဒေသများ စုစည်းတည်ရှိသော နိုင်ငံဖြစ်သည်။ ထိုကွဲပြားမှုများသည် ခွဲခြားရန် အကြောင်းပြချက်များ မဟုတ်ဘဲ ပိုမိုကြွယ်ဝသော နိုင်ငံတစ်နိုင်ငံကို တည်ဆောက်နိုင်သည့်အင်အားများ ဖြစ်လာနိုင်ပါသည်။

ယနေ့ ကျွန်ုပ်တို့ ရွေးချယ်ရမည့်လမ်းသည် မုန်းတီးမှုကို မျိုးဆက်သစ်ထံ ဆက်လက်ပေးအပ်မည့်လမ်းလား၊ သို့မဟုတ် မျှော်လင့်ချက်ကို ဆက်လက်ပေးအပ်မည့်လမ်းလား ဆိုသည်မှာ အရေးကြီးပါသည်။

**ပန်းတစ်ပွင့် ပွင့်လာလျှင် ဥယျာဉ်တစ်ခု လှပလာနိုင်ပါသည်။ လူတစ်ဦး၏ဘဝ ပွင့်လန်းလာလျှင် မိသားစုတစ်စု အားကောင်းလာနိုင်ပါသည်။ မိသားစုများ ပွင့်လန်းလာလျှင် ရပ်ရွာများ ဖွံ့ဖြိုးလာနိုင်ပါသည်။ ရပ်ရွာများ ငြိမ်းချမ်းလာလျှင် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်လည်း ပွင့်လန်းလာနိုင်ပါသည်။**

ထို့ကြောင့် ယနေ့မှစ၍ ကျွန်ုပ်တို့အားလုံး မိမိတို့နေရာမှ မေတ္တာကို စိုက်ပျိုးကြပါစို့။ ယုံကြည်မှုကို ရေလောင်းကြပါစို့။ မုန်းတီးမှုများကို တဖြည်းဖြည်း လျှော့ချကြပါစို့။ စကားပြောနိုင်သော တံခါးများကို ဖွင့်ထားကြပါစို့။ ကလေးများ၏ ပညာရေးကို ကာကွယ်ကြပါစို့။ လူငယ်များ၏ အိပ်မက်များကို အားပေးကြပါစို့။ အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းသော မြေပြင်ကို တည်ဆောက်ကြပါစို့။

**လူတိုင်း၏ ဘဝပန်းများ ပွင့်လန်းလာသည့်အခါမှသာ နိုင်ငံတစ်နိုင်ငံလုံး၏ ဥယျာဉ်သည် အမှန်တကယ်လှပလာမည် ဖြစ်ပါသည်။**

**ပန်းတိုင်း ပွင့်ပါစေ။**
**လူတိုင်း လုံခြုံပါစေ။**
**မုန်းတီးမှုများ လျော့ပါးပါစေ။**
**ယုံကြည်မှုများ ပြန်လည်ပွင့်လန်းပါစေ။**
**ငြိမ်းချမ်းရေး၏ အလင်းရောင်အောက်တွင် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်လာပါစေကြောင်း မေတ္တာဆုမွန် ခြွေအပ်ပါသည်။** ။

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၂**

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၅၃၅ ဦး တက်ရောက်သဖြင့် ၉၅ ဒသမ ၅၄ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက၏ ရှေ့မှောက်၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးပြီးဖြစ်သော ဒေါက်တာမျိုးဝင်းအောင်နှင့် ဦးစောမျိုးမျိုးတို့က ကတိသစ္စာပြုကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြောင်းလဲတာဝန်ပေးအပ်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကက နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရာထူးနေရာတွင် အစားထိုးခန့်အပ်တာဝန်ပေးလိုသော ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ရာထူးနေရာတွင် ခန့်အပ်တာဝန်ပေးလိုသော ဒေါက်တာကိုကိုလွင်တို့အား ပြည်ထောင်စုဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးရန် ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် သဘောတူကြောင်းကြေညာမည်ဖြစ်ပြီး ကန့်ကွက်လိုသူရှိပါက သတ်မှတ်ထားသည့်အရည်အချင်းနှင့် မပြည့်စုံကြောင်း ခိုင်လုံသောသက်သေအထောက်အထားဖြင့် ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းဖြင့် ရှင်းလင်းတည်ငြိမ်သောစည်းမျဉ်းစနစ်များဖြင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများအတွက် အရေးပါသည့် ဥပဒေရေးရာ အခြေခံအုတ်မြစ်တစ်ခုဖြစ်ပြီး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မတို့အရ ညီညွတ်ကိုက်ညီပြီး မိမိတို့နိုင်ငံအတွက် အပြုသဘောဆောင်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေနိုင်သည့် စာချုပ်တစ်ရပ်ဖြစ်ခြင်းကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့်ဝင်ငွေအပေါ် အခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့်အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေးသဘောတူစာချုပ်အား အတည်ပြုပေးနိုင်ရေး ထောက်ခံပါကြောင်း ဆွေးနွေးသည်။



သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီးက ယခုချုပ်ဆိုသည့် စာချုပ်သည် နှစ်နိုင်ငံကြား အခွန်နှစ်ထပ်ကျသင့်မှု ရှောင်ရှားရေးနှင့် အခွန်တိမ်းရှောင်မှုအား ကာကွယ်တားဆီးရေး သဘောတူစာချုပ်သည် အခွန်နှစ်ထပ်ကျသင့်မှုကို လျှော့ချနိုင်ခြင်း၊ အားပေးနိုင်ခြင်း၊ အခွန်ရှောင်တိမ်းမှုများနှင့် နိုင်ငံဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုများကို ထိရောက်စွာတားဆီးနိုင်ခြင်း၊ နှစ်နိုင်ငံကြား အခွန်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခြင်း၊ နှစ်နိုင်ငံစီးပွားရေးကို ပိုမိုခိုင်မာစေခြင်း စသည့်အကျိုးကျေးဇူးကို ရမည်ဖြစ်ကြောင်း၊ အဆိုပါစာချုပ်သည် မြန်မာနိုင်ငံအတွက် စီးပွားရေးအကျိုးစီးပွား၊ အခွန်ထမ်းပြည်သူများ၏ အကျိုးစီးပွားနှင့် နိုင်ငံတော်၏အခွန်ဘဏ္ဍာရေးအကျိုးစီးပွားတို့အတွက် များစွာအကျိုးရှိသည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၆) ဦးအေးပိုင်**က အခွန်နှစ်ထပ်ပေးဆောင်ရခြင်း သက်သာခွင့်ရရှိပါက ရရှိနိုင်သောအကျိုးကျေးဇူးများမှာ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးမြှင့်လုပ်ကိုင်လာနိုင်ခြင်း၊ နှစ်နိုင်ငံယုံကြည်မှု ပိုမိုတည်ဆောက်လာနိုင်ခြင်း၊ ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံပိုမိုဖွံ့ဖြိုးလာခြင်း၊ အခွန်ရှောင်မှုနှင့် တရားမဝင်ငွေလွှဲပြောင်းမှုများမှ တားဆီးနိုင်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးနိုင်ခြင်းတို့ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအစိုးရနှင့် ကမ္ဘောဒီးယားဘုရင့်နိုင်ငံအစိုးရကြား ဝင်ငွေခွန်နှစ်ထပ်ကျသင့်မှုမှ ရှောင်ရှားရေးနှင့် အခွန်ရှောင်တိမ်းမှုများမှ ကာကွယ်ခြင်း သဘောတူစာချုပ်ကို မိမိတို့မြန်မာနိုင်ငံက လက်မှတ်ရေးထိုးမှုကို ကြိုဆိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၁) ဦးဖေသန့်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၀) ဦးသန်းအေး(ခ) ဦးတင်ဦးတို့က ဆွေးနွေးကြသည်။

အဆိုပါသဘောတူစာချုပ်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော နဝမအကျော့ အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်အသက်ဝင်ရေးအတွက် အတည်ပြုစာချုန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့နိုင်ရေးကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**မလှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်သူ**က အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်တွင် မြန်မာနိုင်ငံမှ ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းကဏ္ဍတွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းကဏ္ဍနှင့် အခြားသော ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းကဏ္ဍအောက်ရှိကဏ္ဍခွဲများတွင်လည်းကောင်း ဖြေလျှော့ပေးမှုများရရှိခြင်းမှတစ်ဆင့် နိုင်ငံတွင်းသို့ ပြည်ပရင်းနှီးမြှုပ်နှံမှုများစီးဝင်လာရေးကို အထောက်အကူဖြစ်စေပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအကျိုးရှိနိုင်သဖြင့် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသော နဝမအကျော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက် အသက်ဝင်နိုင်ရေးအတွက် ပြည်တွင်းအတည်ပြုရေး လုပ်ငန်းစဉ်များကို ဆောင်ရွက်ပြီးစီးကြောင်း အတည်ပြုစာချုန်လွှာအား ပြင်ဆင်ပေးပို့နိုင်ရေးကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၆) ဦးအေးပိုင်**က မိမိနိုင်ငံအနေဖြင့် အချိန်မီသံတမန်နည်းလမ်းအတိုင်း “စာချုန်လွှာ” ပေးပို့ထားခဲ့ပါက အာဆီယံနိုင်ငံများ၏ ငွေကြေးဝန်ဆောင်မှုတွင် ဖြေလျှော့ပေးမည့် သက်သာခွင့်ကိုလည်းရရှိမည်ဖြစ်ပြီး အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ တုံ့ပြန်မှုအခွင့်အရေးများ မဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ယုံကြည်ကိုးစားမှုကို ရယူစေနိုင်ခြင်း စသည်ဖြင့် မိမိနိုင်ငံရခွင့်ရှိသည့်အခွင့်အရေးများကို ရရှိစေမည်ဖြစ်ပါကြောင်း၊ အကယ်၍ မိမိနိုင်ငံအနေဖြင့် “စာချုန်လွှာ”ကို သံတမန်နည်းလမ်းအဖြစ်အချိန်မီ ပေးပို့ထားခြင်းမရှိခဲ့ပါက အဆိုပါကိစ္စသည် စာရွက်ထဲ၌သာရှိနေပြီး လက်တွေ့တွင် အာဏာသက်ရောက်မှုမရှိနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း။

မိမိနိုင်ငံအနေဖြင့် အာဆီယံငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို ဖြေလျှော့ပေးရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါ၍ အဆိုပါစာချုပ် အသက်ဝင်စေရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့အတည်ပြု “စာချုန်လွှာ”ကို သံတမန်နည်းလမ်းဖြင့် အမြန်ဆုံးပေးပို့ထားသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ် (၁၀) ဦးကျော်ကျော်လတ်** က အဆိုပါ စာချုန်လွှာအား လက်မှတ်ရေးထိုးခြင်းဖြင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများပိုမိုစီးဝင်စေပြီး နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးတွင် စီးပွားရေးကုန်ကျစရိတ်များ လျှော့ချနိုင်ပါကြောင်း၊ ဒေသတွင်း ဘဏ်များနှင့် အာမခံကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုအားကောင်းလာသဖြင့် Digital Banking Fintech ဝန်ဆောင်မှုများနှင့် သက်သာသော ဝန်ဆောင်ခများ ခံစားခွင့်ရရှိစေပါကြောင်း၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ (MSMEs) အနေဖြင့် ဘဏ္ဍာရေးအရင်းအမြစ်များကို ပိုမိုလွယ်ကူစွာရယူနိုင်ပြီး ကုန်ကျစရိတ်သက်သာသော အာမခံအကာအကွယ်များ ရရှိစေပါကြောင်း၊ ပူးပေါင်းစောင့်ကြည့်ရေးနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ငွေရေးကြေးရေးကပ်ဘေးနှင့်အကျပ်အတည်းများကို စုပေါင်းတွန်းလှန်နိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နဝမအကျော့ အာဆီယံငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဖြေလျှော့ပေးရေး သဘောတူညီချက်သည် အာဆီယံဒေသတွင်း ငွေရေးကြေးရေးဈေးကွက်များ ခိုင်မာစွာပေါင်းစည်းရေး၊ စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူများအတွက် ဘဏ္ဍာရေးဆိုင်ရာအခွင့်အလမ်းများ ပိုမိုပွင့်လန်းလာစေရေးတို့အတွက် အရေးပါသောသဘောတူညီချက်ဖြစ်သဖြင့် အဆိုပါသဘောတူညီချက် အမြန်ဆုံး အသက်ဝင် အကောင်အထည်ဖော်နိုင်ရေးအတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေနှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်တို့က ထောက်ခံဆွေးနွေးကြသည်။

အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ပဉ္စမနေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ **ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍** အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ အမျိုးသားစီမံကိန်းနှစ်ပတ်လည်အစီရင်ခံစာတွင်ပါရှိသည့် ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး၊ စီးပွားရေးဖွဲ့စည်းမှုပုံသဏ္ဌာန်၊ ရင်းနှီးမြှုပ်နှံမှုနှင့်အခြေအနေ၊ ငွေကြေးဖောင်းပွမှုနှုန်း၊ ကုန်သွယ်မှုကဏ္ဍ၌ ပို့ကုန်တင်ပို့နိုင်မှု၊ အဓိကကုန်သွယ်ဖက်နိုင်ငံများ၊ ပို့ကုန်တွင် ထပ်ဆင့်တိုးတန်ဖိုးကုန်ပစ္စည်းများ၏ ပါဝင်မှုအခြေအနေ၊ ကုန်ပစ္စည်းအုပ်စုအလိုက် သွင်းကုန်အခြေအနေ၊ မြန်မာနိုင်ငံသို့လာရောက်သည့် နိုင်ငံခြားသားခရီးသည်နှင့် သုံးစွဲခဲ့သည့် နိုင်ငံခြားငွေ၊ လျှပ်စစ်ဓာတ်အားတပ်ဆင်အင်အားနှင့် အရင်းအမြစ်အလိုက်ပါဝင်မှု၊ လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ကမ္ဘာ့စီးပွားရေးအခြေအနေနှင့် အာဆီယံနိုင်ငံများ၏ စီးပွားရေးအခြေအနေ၊ အမျိုးသားစီမံကိန်းအပေါ် ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ကဏ္ဍအလိုက်တိုးတက်မှုနှုန်း ရည်မှန်းချက်နှင့်ဧပြီလမှ မတ်လကုန်(ယာယီ)ထိ အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နိုင်မှုအခြေအနေ၊ ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် တိုးတက်မှုနှုန်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ပုဂ္ဂလိကကဏ္ဍအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်ပအကူအညီအထောက်အပံ့၊ နည်းပညာအကူအညီနှင့် ချေးငွေရရှိမှုအခြေအနေတို့ကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။

*စာမျက်နှာ ၉ သို့*

# တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်းဆောက်လုပ်ရန် မြေနေရာတောင်းခံသွားမည်ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်၍ အဆောက်အအုံဆောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်




**နေပြည်တော် အောက်တိုဘာ ၃၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၅ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်ဝင်း၏ **မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ ခရိုင်အားကစားကွင်းအား အဆင့်မီခရိုင်အားကစားကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် ဝန်ထမ်းအင်အားဖွဲ့စည်းပုံအတိုင်း အပြည့်အဝထားရှိပေးနိုင်ပါရန် ၂၀၁၆ – ၂၀၁၇ (RE ဘတ်ဂျက်) ဖြည့်စွက်ရန်ပုံငွေဖြင့် လည်းကောင်း၊ ၂၀၁၇ – ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးကျော်သူက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အားကစားကွင်းကို ၁၉၆၉ ခုနှစ်တွင် မြေဧရိယာ ၉ ဒသမ ၅၇၅ ဧကပေါ်၌ တည်ဆောက်ခဲ့ပြီး အဆင့်မီအားကစားကွင်းအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် အဆိုပါအားကစားကွင်း အုတ်တံတိုင်း ပေ ၁၀၀၀ ကာရံခြင်းလုပ်ငန်းအား ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေစာရင်းမှ ငွေကျပ် ၁၄၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောက်ဆည်ခရိုင် အားကစားခန်းမ (အလျား ပေ ၁၂၀၊ အနံ ပေ၉၀) အမိုးပြုပြင်ခြင်း၊ ကြမ်းခင်းပြုပြင်ခြင်းနှင့် ပြတင်းမှန်၊ အလင်းမှန်များ ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁၀၈၀၊ ရိုးရိုးတန်းပွဲကြည့်စင် (အလျား ပေ ၆၀၊ အနံ ၂၃ ပေ) (၂)စင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၁၄ သန်း၊ ဂါလန် ၉၀၀ ဆံ့ (၆ ပေ ပတ်လည်) အုတ်ရေစင်ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၄၅ သန်း၊ အားကစားသမားနားနေဆောင် (အလျား ၃၃ ပေ၊ အနံ ၂၂ ပေ၊ အမြင့် ၁၂ ပေ)ပြုပြင်ခြင်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၀၈ ဒသမ ၉ သန်း၊ လုပ်ငန်း(၄) ခုအတွက် စုစုပေါင်းကုန်ကျငွေကျပ်၁၆၄၇ဒသမ၉သန်းအားမန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေမှသုံးစွဲရန်ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျောက်ဆည်ခရိုင်ဘောလုံးကွင်း ၂ ပေထု မြေဖို့အဆင့်မြှင့်တင်ခြင်းနှင့် မီတာ (၄၀၀) ပြေးလမ်းကျောက်မှုန့်ခင်းခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၄၀၀ ဒသမ ၇၉၄ သန်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေစာရင်းတွင် လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ခွင့်ပြုချက်ရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအရ ခန့်အပ်နိုင်ရန်အတွက်ကျောက်ဆည်ခရိုင်တွင် အငယ်တန်းစာရေး ၁ ဦး၊ လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ၁ ဦး၊ ရုံးအကူ ၁ ဦး၊ အမှုထမ်း ၃ ဦးနှင့် ကျောက်ဆည်မြို့နယ်တွင် ရုံးအကူ ၁ ဦး၊ စုစုပေါင်းအမှုထမ်း ၄ ဦး လိုအပ်မည်ဖြစ်ပါကြောင်း၊ ခန့်အပ်ရန်ကျန်ရှိသည့် အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်ထားလာပါက ဒေသခံများအား ဦးစားပေးခန့်ထားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၇) ဦးခင်မောင်မြင့်၏ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း (၁) ကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က ဝန်ကြီးဌာနအနေဖြင့် တောင်ကြီးမြို့တွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း ဆောက်လုပ်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာတောင်းခံသွားမည်ဖြစ်ပြီး နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေရရှိမှုပေါ်မူတည်၍ အဆောက်အအုံဆောက်လုပ် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၆) ဦးမျိုးသန့်၏ **ရောဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်းတိုက်နယ် အနောက်ခြမ်း၊ တောင်ရိုးဒေသ ခုံကြီးကျေးရွာအုပ်စု၊ တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်းကျေးရွာ ဆက်သွယ်သည့် သဲဖြူချောင်းကူးတံတား ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက သဲဖြူချောင်းကူးတံတား တည်ဆောက်ရမည့်နေရာသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော မဲဇလီကုန်း–ချင်းကုန်း–မကျည်းပင်ကွင်းလမ်း၊ ကျောက်လမ်း (၂) ဖာလုံ၊ မြေသားလမ်း (၉) မိုင် (၁) ဖာလုံ၊ စုစုပေါင်း လမ်းမိုင်အရှည် (၉) မိုင် (၃ ) ဖာလုံရှိ Class (A) အဆင့်လမ်းပေါ်တွင် တည်ရှိပါကြောင်း၊ တလိုင်းခုံကျေးရွာနှင့် တောင်ပေါ်ကုန်း ကျေးရွာကို ဆက်သွယ်သည့် သဲဖြူချောင်းအားဖြတ်၍ ဆောက်လုပ်လိုသည့် တံတားဖြစ်ပါကြောင်း၊ လက်ရှိတွင် တည်ဆောက်ထားသော တံတားဟောင်းမရှိဘဲ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာပြီး မိုးရာသီတွင် ချောင်းရေမြင့်တက်မှုကြောင့် ဖောင်များဖြင့်သာ သွားလာရပါသဖြင့် အရှည် ပေ ၁၂၀၊ အကျယ် ပေ ၂၀ ချောင်းကူးတံတား အသစ်(၁)စင်း တည်ဆောက်လိုခြင်းဖြစ်ပါကြောင်း။

သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်မည်ဆိုပါက ခန့်မှန်း ငွေကျပ်သန်း ၁၃၈၀ ကုန်ကျမည်ဖြစ်ပါကြောင်း၊ တံတားအသစ် တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း ကြိုတင်လေ့လာမှုကို ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ မဲဇလီကုန်း–ချင်းကုန်း–မကျည်းပင်ကွင်းလမ်းပေါ်ရှိ သဲဖြူချောင်းကူးတံတားအသစ် (၁) စင်း တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှု အပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၈) ခွန်စောလွင်၏ **ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ အေးသာယာ၊ ညောင်ရွှေ၊ နန်းပန်၊ တုံဟုန်း၊ ပင်လောင်းကတ္တရာလမ်းမကြီးမှ နန်းပန်၊ ခါတ်တော်ရေဦးလမ်း၊ ခါတ်တော် ရေဦး – နမ့်လီလမ်း၊ နမ့်လီ – ပွေးတောင်၊ ထီဝါးမှူးလမ်းနှင့် ထီဝါးမှူး – ထီဖူး – ထီနို့ – နားဟီးလမ်းတို့ ဆက်သွယ်ထားသော စုစုပေါင်းလမ်းမိုင်အရှည် (၁၈)မိုင် (၁ ဒသမ ၉၆) ဖာလုံရှိသည့် မြို့နယ်ချင်းဆက်လမ်းကို ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ညောင်ရွှေမြို့နယ်၊ နန်းပန်–ခါတ်တော်ရေဦးလမ်း၊ ခါတ်တော်ရေဦး–နမ့်လီလမ်း၊ နမ့်လီ–ပွေးတောင်–ထီဝါးမှူးလမ်းတို့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်လမ်းများဖြစ်ပြီး ကတ္တရာလမ်း (၂) မိုင် (၃) ဖာလုံ၊ ကျောက်ချောလမ်း (၇) မိုင် (၄ ဒသမ ၉၆) ဖာလုံ၊ မြေသားလမ်း (၃) မိုင် (၂) ဖာလုံ၊ စုစုပေါင်း (၁၃) မိုင် (၁ ဒသမ ၉၆) ဖာလုံရှိပါကြောင်း။

ခါတ်တော်ရေဦး–နမ့်လီလမ်းတွင် မြေသားလမ်း (၃) မိုင် (၂) ဖာလုံရှိသည့်အနက် (၁)မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဖြစ် ၂၀၁၇–၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရရှိရန်ပုံငွေအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် အဆိုပါလမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း။

တောင်ကြီးမြို့နယ်အတွင်းရှိ ထီဝါးမှူး–ထီနို့–ထီဖူး–နားဟီးလမ်းသည် နယ်စပ်ရေးရာဝန်ကြီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး (၅) မိုင်ရှိပါကြောင်း၊ အဆိုပါလမ်းသည်ဒေသမှ ကိုယ်ထူကိုယ်ထဖောက်လုပ်ထားသည့် မြေသားလမ်းဖြစ်ပါကြောင်း၊ မြေသားလမ်း (၅) မိုင်တွင် ကျောက်လမ်း (၁) မိုင် (၇) ဖာလုံ ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မြေသားလမ်း (၃) မိုင် (၁) ဖာလုံ ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု(သို့မဟုတ်) ပြည်နယ်ရန်ပုံငွေဖြင့် ဒေသန္တရဖွံ့ဖြိုးရေးစီမံကိန်းတွင် အဆိုပြုလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၁) ဦးစိုးကြည်၏ **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စုအတွင်းရှိ ကင်းဆိုးကျေးရွာနှင့် ဆီတိုင်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် ၁၅၇၄၁ ပေ ခန့်ရှည်လျားသော ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက မြိတ်မြို့နယ်၊ အင်္ဂမော်ကျေးရွာအုပ်စု၊ ကင်းဆိုးကျေးရွာသည် ပြည်ထဲရေးအမည်ပေါက်ကျေးရွာ ဖြစ်ပါကြောင်း၊ မြေပြင်တွင် ဆီတိုင်ကုန်းကျေးရွာဟူ၍ သီးခြားမရှိဘဲ

*စာမျက်နှာ ၁၀ သို့*

*စာမျက်နှာ ၈ မှ*

ထို့ပြင် ပညာရေးကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်နိုင်ရန်အတွက် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရန်နှင့် သင်ယူမှုအခွင့်အလမ်းမြင့်မားစေရန် ဆောင်ရွက်လျက်ရှိမှု၊ ကျောင်းဆောင်အသစ်များ တည်ဆောက်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းနှင့် အဆောင်များ ပြင်ဆင်ခြင်းနှင့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ နှစ်စဉ်တိုးချဲ့ခြင်းတို့ကို ဆောင်ရွက်ခဲ့မှု၊ အခြေခံပညာကဏ္ဍအတွက် လိုအပ်လျက်ရှိသော ဆရာအရေအတွက်ရရှိရေးနှင့် ဆရာများ၏ အရည်အသွေးမြင့်မားရေးအတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ပို့ချပေးခြင်းနှင့် ကျောင်းများအတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးမှု၊ ကျန်းမာရေးကဏ္ဍနှင့် စပ်လျဉ်း၍ မြို့ပြနှင့် ကျေးလက်ဒေသများ၌ ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ဆေးရုံအခြေပြုကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွင်း ကွင်းဆင်းကုသမှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ပေးရန်၊ မကူးစက်နိုင်သောရောဂါများ စောစီးစွာရှာဖွေကုသမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုများ ဆောင်ရွက်ပေးရန်တို့အတွက် ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ သင်တန်းကျောင်းများမှ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၆) ကို ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးတေဇကျော်က လွှတ်တော်သို့ အစီရင်ခံစာအား ရှင်းလင်းဖတ်ကြားတင်ပြပြီး ပြည်ထောင်စုလွှတ်တော်က ဆွေးနွေးစဉ်းစားပေးနိုင်ပါရန် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက အဆိုပါနှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံးသို့ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

## မပြတ်ထိတွေ့ ဆက်ဆံရင်း အတူလက်တွဲ နေထိုင်ခြင်း

❖ ဘိုး ဘေး ဘီ ဘင်၊ သမိုင်းစဉ်ဆက်
လက်ဆင့်ကမ်းအမွေ၊ "အမိမြေ"ကို
ချစ်ဆွေ တန်ဖိုးထားပါလျှင် . . ။

❖ ဤမြေမှာ နေ၊ ဤရေကို သောက်
လူလားမြောက်လာ၊ သင်, သူ, ငါ တို့
"မြန်မာပြည်ဖွား၊ တိုင်းရင်းသား"ဟု
ခံစား မြတ်နိုးတတ်ပါလျှင် . . ။

❖ သွားလမ်းလည်း သာ၊ လာလမ်းလည်း ဖြောင့်
အမှောင့်လည်း ကင်း၊ အေးချမ်းခြင်းနဲ့
ရင်းနှီးပေါင်းသင်း၊ ဒို့တိုင်းရင်းတို့
ချင်းချင်း ချစ်ကြည်နေပါလျှင် . . ။

❖ ဒို့မြန်ပြည်ကြီး၊ ရှေ့ခရီးသည်
"အသီးတစ်ရာ အညှာတစ်ခု"
ပြည်ထောင်စု ပုံ၊ ပြီးပြည့်စုံလျက်
လုံးစုံပြည်သူ ချမ်းမြေ့လိမ့်။

❖ ခပ်သိမ်းပြည်သူ၊ ဆန္ဒတူစွာ
လူတိုင်းမြော်တွေး၊ ငြိမ်းချမ်းရေးကို
ပေးစွမ်းနိုင်ဖို့ ကြိုးပမ်းစို့။

❖ ညီ ဆွေ နောင် ဖွား၊ တိုင်းရင်းသားကြား
ခွဲခြား အသွင်၊ ကွဲပြား မြင်သမျှ
သူ့အထင် ကိုယ့်အတွေး
ကိုယ့်အရေး သူ့အခရာ
သူ့ဝေဒနာ ကိုယ့်ဒုက္ခ
ဖြစ်သမျှ အရာ၊ ပွင့်လင်းစွာနဲ့

"တွေ့ကာဆုံရင်း၊ ဆွေးနွေးခြင်းဖြင့်
ညှိနှိုင်းကြရင်း၊ စေ့စပ်ခြင်းဖြင့်
ခွင့်လွှတ် ရိုင်းပင်း၊ လက်ခံခြင်းဖြင့်"
သွေးရင်း အသိ၊ စိတ်ထားရှိလျက်
မိသားစု ပမာ၊ အသိ အကြားပြုကာ
ပြည်မှုရေးရာ၊ အဖြာဖြာကို
စာနာမျှဝေ အချင်းချင်း။
မပြတ်ထိတွေ့ ဆက်ဆံရင်း။
အတူလက်တွဲ နေထိုင်ခြင်း။
စစ်မက်ကင်းသည့် ငြိမ်းချမ်းခြင်း။
လက်ငင်းဆောင်ကြဉ်း နောင်ညီရင်း။ ။

မျိုးမြတ်မြတ်မြင့်မောင်

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများ နေပြည်တော်ရှိ အထင်ကရနေရာများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင် စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ကျောင်းအုပ် ဆရာ ဆရာမများသည် ယနေ့နံနက်ပိုင်းက အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

ဦးစွာ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သို့ရောက်ရှိရာ CONFERENCE HALL ၌ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်သမိုင်းအကျဉ်း၊ ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များနှင့် သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားရာ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။



ထို့ပြင် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်တွင်ပြသထားသည့် ခေတ်အဆက်ဆက် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးစနစ်ပြောင်းလဲမှုပြဇယားများ (အကျဉ်းချုပ်)၊ ရှေးဟောင်းပေစာ၊ ပုရပိုက်စာ၊ စာချုပ်စာတမ်းများပြခန်း၊ မှတ်တမ်းနှင့် မော်ကွန်းအထောက်အထားများအား Digital Format ဖြင့် ပြောင်းလဲသိမ်းဆည်းခြင်း၊ မော်ကွန်းပြုပြင်ထိန်းသိမ်းခြင်းပြခန်းတို့ကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး ပြခန်းများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကိုမေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အမျိုးသားစာကြည့်တိုက်သို့ ရောက်ရှိရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)၏ သမိုင်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် အလင်္ကာကျော်စွာစည်သူ တက္ကသိုလ်မြတ်သူ စာစုခန်း၊ အလှူရှင်စာစုခန်း၊ အာဆီယံပြခန်း၊ ကလေးစာဖတ်ခန်း၊ ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာများ၊ အီလက်ထရွန်နစ် စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ Bibliographic Services ဌာနစိတ်၊ ပေ၊ ပုရပိုက်ဌာနစိတ်တို့ကို စိတ်ဝင်တစားကြည့်ရှုလေ့လာကြပြီး ပြခန်းများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ ထူးချွန်ကျောင်းသား ကျောင်းသူများသည် ယမန်နေ့ နံနက်ပိုင်းက တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက တပ်မတော် (ကြည်း၊ ရေ၊ လေ)စစ်သမိုင်းပြတိုက်သမိုင်းနှင့် ပြခန်းများ၊ လက်ရုံးတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးပြခန်းများကို ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများသည် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားရင်ပြင်တော်ပတ်လည်အတွင်း ကြည့်ရှုလေ့လာခဲ့ကြပြီး ကျောက်စာရုံစေတီတော်များနှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာကြည်ညိုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

*စာမျက်နှာ ၉ မှ*

ဥယျာဉ်ခြံများအတွင်း နေထိုင်ကြသည့်မိသားစုများသာ ရှိပါကြောင်း၊ ဆီတိုင်ကုန်းကျေးရွာဟူ၍လည်း ပြည်ထဲရေးအမည်ပေါက်စာရင်းတွင် ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

ကင်းဆိုးကျေးရွာအတွင်း ဥယျာဉ်ခြံမြေဧက ၃၀၀၀ ခန့် ရှိပါကြောင်း၊ မြေသားလမ်းအရှည် ၃ မိုင် ၆ ဒသမ ၄၂ ဖာလုံအနက် ၂ ဖာလုံအား ကျောက်ချောလမ်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ကျန်မြေသားလမ်း ၃ မိုင် ၄ ဒသမ ၄၂ ဖာလုံအား ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း။

ကုန်ထုတ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ်တွင် အကြိုအင်ဂျင်နီယာလုပ်ငန်းများအဖြစ် ကွင်းဆင်းတိုင်းတာခြင်း၊ လမ်းဒီဇိုင်းပုံထုတ်ခြင်း၊ အသေးစိတ်ခန့်မှန်းခြေတွက်ချက်ခြင်းများကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေတွင် လျာထားတင်ပြထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကုန်ထုတ်လမ်းအဆင့်ကို မြေနီ၊ ကျောက်စရစ်၊ ရိုစာအဆင့်သာ ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၅) ဦးမိုးမြင့်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**အား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ် ပြင်ဆင်သည့်နည်းဥပဒေများ**နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးဒသမနေ့ကို အောက်တိုဘာ ၁၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းအဖွဲ့

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၁၂**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မိုး/ဇလ

# ၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင် ကျောက်မျက်အတွဲ ၇၀ ရောင်းချနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၂၆ ခုနှစ် (၆၁)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များဖြင့် အထူး စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ သည် မဏိရတနာကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထား သည့် ကျောက်စိမ်းအတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာ များအလိုက် ခင်းကျင်းပြသထား သည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှု စစ်ဆေးကြသည်။

ယနေ့ပြပွဲတွင် ကျောက်မျက် အတွဲပေါင်း ၁၆၀ ၏ ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူ များက စစ်ဆေးကာ ကျောက်မျက် အတွဲပေါင်း ၇၀ ရောင်းချခဲ့ရ ကြောင်း ကြေညာပေးသည်။

ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟို ကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦးသည် ပြပွဲ ကျင်းပရာ ကျောက်ခင်းကွင်းနေရာ အလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်း အတွဲများအတွက် ဈေးနှုန်း ပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်း နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများအား



လိုအပ်သည်များ မှာကြားသည်။

ပြပွဲဆဋ္ဌမနေ့တွင် အုပ်စု(အေ) နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲ များအနက် အတွဲအမှတ် (၁) မှ (၅၅၀) အထိကို အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ဆက်လက်ရောင်းချပေး သွားမည်ဖြစ်ရာ အဆိုပါ ကျောက် စိမ်းအတွဲများအတွက် ရောင်းချရ သည့် အတွဲများကို အောက်တိုဘာ ၁၃ရက်တွင် ကြေညာပေးသွားမည် ဖြစ်သည်။

ပြပွဲတွင် ကျောက်စိမ်းအတွဲ ပေါင်း ၃၀၇၃ တွဲကို ကျောက်ရည် ကျောက်သွေးကောင်းမွန်မှု၊ ပြည် တွင်း၊ ပြည်ပဈေးကွက်ဝင်မှု စသည့် အခြေအနေများအရ အုပ်စု (အေ၊ ဘီ) နှင့် MSME လုပ်ငန်းရှင်များကို အားပေး မြှင့်တင်ရန်အတွက် အုပ်စု (စီ) ဟူ၍ အုပ်စုသုံးစု ခွဲခြား ထားခြင်းဖြစ်ပြီး အုပ်စု (အေ) နှင့် (ဘီ) ကျောက်စိမ်း အတွဲပေါင်း ၁၆၀၅ တွဲကို အောက်တိုဘာ ၁၃ ရက်မှ ၁၅ ရက်အထိလည်းကောင်း၊ အုပ်စု (စီ) ကျောက်စိမ်းအတွဲပေါင်း ၁၄၆၈ တွဲကို အောက်တိုဘာ ၁၆ ရက်မှ ၁၇ ရက်အထိလည်းကောင်း ပြည်တွင်း၊ ပြည်ပရတနာကုန်သည် များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်သည်။

နိုင်ငံတော်နှင့် နိုင်ငံသားများ အတွက် စီးပွားရေးအကျိုးဖြစ်ထွန်း စေရန်နှင့် ကျောက်မျက်သယံ ဇာတများကို ရေရှည်တည်တံ့ အောင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန် ရည်ရွယ်ကျင်းပသည့် ၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက် မျက်ရတနာပြပွဲကို အောက်တိုဘာ ၁၇ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

**နေပြည်တော် အောက်တိုဘာ ၁၂**

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ ဂုဏ်ကိုဆောင်နိုင်သည့်မြန်မာ့လက်ရွေးစင် အားကစား သမားများအဖြစ် တက်လှမ်းနိုင်စေရန် နှင့်မျိုးဆက် သစ် လူငယ်အားကစားသမားကောင်းများ စဉ်ဆက် မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက် ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက် ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထား သော အားကစားကွင်းများနှင့် အားကစားရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)ဝင်းအတွင်းရှိ စိန်ပန်းခန်းမ(၂)၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီး များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာ ရှင်များ တက်ရောက်ကြသည်။

ဦးစွာ အသင်းလိုက် ခတပြိုင်ပွဲ ဗိုလ်လုပွဲ၊ လူသစ် တန်း အနုတ် ၆၇ ကီလိုအောက် ကုမိတဲ့ပြိုင်ပွဲ ဗိုလ်လု ပွဲနှင့် အကြီးတန်း အနုတ် ၆၀ ကီလိုအောက် ကုမိတဲ့ ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုများကို




တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြ ပြီး ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပ ရာ ကီလိုတန်းအလိုက် လူသစ်တန်း၊ အကြီးတန်း ခတပြိုင်ပွဲများနှင့် ကုမိတဲ့ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ၊ အကောင်းဆုံးကစားသမားဆုရရှိ သူများနှင့် လူသစ်တန်းပြိုင်ပွဲတွင် ရွှေ သုံးခု၊ ကြေး တစ်ခုဖြင့် လူသစ်တန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ် ဌာနချုပ် ကိုယ်စားပြုအသင်း၊ အကြီးတန်းပြိုင်ပွဲတွင် ရွှေလေးခု၊ ကြေးနှစ်ခုဖြင့် အကြီးတန်းဒိုင်းရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု များနှင့် ဒိုင်းဆုများအား ချီးမြှင့်ကြပြီး တံခွန်စိုက် ဒိုင်းဆုကို ရွှေခုနစ်ခု၊ ကြေးသုံးခုရရှိသော ရန်ကုန်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့အား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကိုယ်စား) ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ တာဝန်ရှိသူတစ်ဦးက တံခွန်စိုက် ဒိုင်းနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ စံပယ်(၆)အားကစားရုံ၌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) ရိုးရာခြင်းလုံးခတ် ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲ တွင် (၄)ပေါက်တန်းပြိုင်ပွဲ၊ အခြေခံအထိ(၆)ချက် ပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ကစားကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အား ကစားရုံ(A)၌ အဆင့်အလိုက် ဘင်တန်ဝိတ်တန်း၊ လိုင်ဝိတ်တန်း၊ မစ်ဒယ်ဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ ကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုး သမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိတပ်မတော် အားကစားရုံ(B)၌ အမျိုးသား/ အမျိုးသမီး အကြို ဗိုလ်လုပွဲ ပွဲစဉ်များကိုလည်းကောင်း၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိတပ်မတော်အားကစားရုံ(C)၌ အမျိုးသား ဗန်တိုအတိုက်(က)တန်း၊ အမျိုးသားဗန်တို အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသားပန်ကြပ်ဆီ လပ်အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ အမျိုးသမီး ပန်ကြပ်ဆီလပ် အတိုက် ဗိုလ်လုပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက် (က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားတစ်လက် အတိုက်(ခ)တန်း ဗိုလ်လု ပွဲစဉ်များ၊ အမျိုးသားဓားနှစ်လက် အတိုက်(က)တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ အမျိုးသား ဓားနှစ်လက် အတိုက် (ခ)တန်း ဗိုလ်လုပွဲစဉ်များ၊ ခွဲမှုးဆရာအဆင့် လုံ့ရှည် ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် တပ်မတော်လက်ရေး စွမ်းရည်ပြပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

■ *ကျောဖုံးမှ*

အပတ်စဉ် (၁) ပွဲစဉ်များကို အောက်တိုဘာ ၁၅ ရက်တွင် Asia Lion FC နှင့် ရာမညယူနိုက်တက် (YUSC ကွင်း)၊ University FC နှင့် Elite Kings FC (University ကွင်း)၊ Manaw FC နှင့် VUE Nay Pyi Taw FC (ပဒုမ္မာကွင်း) တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အောက်တိုဘာ ၁၆ ရက်တွင် Enjoy Brother FC နှင့် Royal Dagon FC (University ကွင်း)၊ အောက်တို ဘာ ၁၇ ရက်တွင် ရခိုင်ယူနိုက်တက်နှင့် Junior Lions FC (University ကွင်း) တို့ ဆက်လက်ယှဉ်ပြိုင် သွားကြမည်ဖြစ်ရာ ပွဲစဉ်အားလုံးကို မွန်းလွဲ ၃ နာရီခွဲ တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယခုရာသီတွင် ပြိုင်ပွဲအဆင့်အတန်းနှင့် ယှဉ်ပြိုင် မှု ပိုမိုကောင်းမွန်လာစေရန်အတွက် တစ်သင်းချင်းစီ ၏ ထောက်ပံ့ငွေကို ယခင် ကျပ်သိန်း ၃၀၀ မှ ကျပ်သိန်း ၅၀၀ အထိ တိုးမြှင့်ပေးထားသည်။ ထို့ပြင် AYA Pay Player of the Match ဆုကို ကျပ် နှစ်သိန်းမှ ကျပ် ငါးသိန်းအထိ၊ ရာသီအကုန်တွင် ပေးအပ်မည့် အကောင်းဆုံးကစားသမားဆုကြေးကို ယခင်ပေးအပ် သည့် ကျပ် ၁၀ သိန်းမှ ကျပ်သိန်း ၃၀ အထိ တိုးမြှင့် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်းအားလုံး ၏ အဆင့်ရပ်တည်မှုအလိုက် ဆုကြေးများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်များကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ ချုပ်နှင့် မြန်မာလိဂ်ကော်မတီတို့က ကြီးမှူးကျင်းပ ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ကလပ်အသင်းများ မိတ်ဆက်ပွဲ နှင့် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ Mercure Yangon Kabar Aye တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**နေမျိုး၊ ဓာတ်ပုံ-ML II**

**အား က စား မြှင့် တင် စိတ် လန်း ရွှင် ဆန့် ကျင် မူး ယစ် ဆေး**

# မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

**စလင်း အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့ နယ် ဆုတောင်းပြည့်ဘုရား ဓမ္မာရုံ ၌ ဒေသခံပြည်သူများအား အင်တာ နက်ပေါ်တွင် သတင်းတုသတင်း မှားများတင်ခြင်း၊ မဖွယ်မရာများ တင်ခြင်း၊ အွန်လိုင်းလိမ်လည်မှုများ နှင့် မှုခင်းကျဆင်းရေး အသိပညာ ပေးဟောပြောပွဲကို အောက်တိုဘာ ၁၀ ရက်ကပြုလုပ်ရာ ဟောပြော ပွဲတွင် စလင်းမြို့နယ် ဒုတိယ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်သန်းထွဋ်က လူမှုကွန်ရက် ဆိုင်ရာ အသိပညာပေးခြင်းနှင့် အွန်လိုင်းလိမ်လည်မှုအကြောင်း များကို ကျယ်ကျယ်ပြန့်ပြန့် ဟော ပြောခဲ့ပြီး စလင်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ကျော်ဌေးက မှုခင်းကျဆင်းရေး ခေါင်းစဉ်ဖြင့် မှုခင်းဖြစ်ပွားရသည့်အကြောင်းရင်း၊ မှုခင်းဖြစ်ပွားနိုင်ကြောင်း သိရှိရပါ က ရဲစခန်းသို့ ဆက်သွယ်သတင်း ပေးကြရန် ရှင်းလင်းဟောပြောခဲ့ သည်။ ထို့နောက် တက်ရောက်လာ သော ဒေသခံများအား အွန်လိုင်း လိမ်လည်မှုအသိပညာပေး လက် ကမ်းစာစောင်နှင့် မှုခင်းပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေ ပေးခဲ့ကြောင်း သိရသည်။

**မောင်လွင် (စလင်း)**



# လျှပ်စစ်ဝန်အားကို ပိုမသုံးမိအောင် ကာကွယ်ကြစေလိုပါသည်

**အိမ်၌ အဲကွန်းဖွင့်လိုက်သည်နှင့် လျှပ်စစ်ဘရိတ်ကာ ဝုန်းခနဲ ကျသွားခြင်းမျိုး သို့မဟုတ် ရေပူစက်နှင့် မီးဖိုပြိုင်သုံးမိလို့ မီးပျက်သွားခြင်းမျိုး ခဏခဏ ကြုံဖူးကြလိမ့်မည်ဟု ယူဆမိပါသည်။ အချို့က ဘရိတ်ကာ(Breaker) ခဏခဏကျသည်ဟုဆိုပြီး ရှိရင်းစွဲဘရိတ်ကာနေရာတွင် ဝိုင်ယာကြိုး၏ အမ်ပီယာ(Ampere) ခံနိုင်ရည်ကိုမကြည့်ဘဲ ဘရိတ်ကာကိုသာ လဲလှယ်တပ်ဆင်တတ်ကြပါသည်။ ထိုသို့လုပ်လိုက်ခြင်းဖြင့် ဘရိတ်ကာ ခဏခဏ မကျတော့ပါ။ သို့သော် ဝိုင်ယာကြိုးများ အပူလွန်ကဲပြီး မီးလောင်မည့် ဘေးအန္တရာယ်ကို ဖိတ်ခေါ်လိုက်သလို ဖြစ်သွားတတ်ပါသည်။**

မောင်မောင်စွယ်စုံထွန်း

အိမ်တွင်း လျှပ်စစ်မီးလိုင်းများတွင် ဝန်အားပိုသုံးစွဲမှု (Overload) မဖြစ်ဘဲ ဘေးကင်းလုံခြုံစေရန်အတွက် Breaker Ampere ကို စနစ်တကျ တွက်ချက်ရွေးချယ် တပ်ဆင်ကြရပါမည်။ မိမိတပ်ဆင်မည့် လျှပ်စစ်ပစ္စည်းများ၏ ဝပ်အား(Watts)အားလုံးကို အရင်ပေါင်းပါ။ ပြီးလျှင် ဗို့အားစံနှုန်းဖြစ်သည့် ဗို့ ၂၂၀ (Voltage)နှင့် စားလိုက်လျှင် လိုအပ်သည့် အမ်ပီယာကို အလွယ်တကူရရှိနိုင်ပါသည်။ (ဥပမာ - ဝပ် ၁၅၀၀ ရေနွေးအိုးဆိုလျှင် ၁၅၀၀ ÷ ၂၂၀ = ၆ ဒသမ ၈ အမ်ပီယာ လိုအပ်ပါသည်။)

ဘရိတ်ကာတစ်ခုသည် သူ၏ အမြင့်ဆုံးခံနိုင်ရည် အပြည့်အထိ အမြဲတမ်းတင်၍ မသုံးသင့်ပါ။ ဘေးကင်းရန်အတွက် ဘရိတ်ကာ အမ်ပီယာ၏ ၈၀ ရာခိုင်နှုန်းဝန်းကျင်လောက်မှာသာ ပုံမှန် အသုံးပြုသင့်ပါသည်။ ဥပမာ - ၁၆ အမ်ပီယာ ဘရိတ်ကာတစ်ခုဆိုလျှင် ၁၃ အမ်ပီယာ (ဝပ် ၂၈၀၀ ခန့်)ထက်ပိုပြီး ပစ္စည်းများ စုပြုံမသုံးစွဲသင့်ပါ။

ဘရိတ်ကာဆိုသည်မှာ ဝိုင်ယာကြိုးကို မီးမလောင်အောင် ကာကွယ်ပေးသည့် ဒိုင်းကာသဖွယ်သာဖြစ်ပါသည်။ ဝိုင်ယာကြိုးခံနိုင်ရည်ထက် ဘရိတ်ကာ အမ်ပီယာသည် ပိုကြီးမနေရန် အလွန်အရေးကြီးပါသည်။ မီးလုံး၊ ပန်ကာများအတွက် 1.5 sq-mm ဝိုင်ယာကြိုးတွင် 10A Breakerနှင့် ပလပ်ပေါက်များအတွက် 2.5 sq-mm ဝိုင်ယာကြိုးတွင် 16A Breaker စသည်ဖြင့် သုံးသင့်ပါသည်။ အဲကွန်း၊ ရေပူစက်များအတွက် 4.0 sq-mm ဝိုင်ယာကြိုးတွင် 20A သို့မဟုတ် 25A Breaker များကို စနစ်တကျ ခွဲခြားသုံးပေးရပါမည်။

**သီးသန့်မီးလိုင်းများ ခွဲထုတ်ခြင်း**

အဲကွန်း၊ ရေတင်မော်တာ၊ induction မီးဖိုနှင့် ရေပူစက်လို မီးအားအများကြီးစားသည့် ပစ္စည်းများကို သာမန်ပလပ်များနှင့် ရောမသုံးဘဲ ဘရိတ်ကာဖြင့် သီးသန့်လိုင်း (Individual Breaker)တစ်ခုစီ ခွဲပေးထားမှသာလျှင် Overload ဖြစ်ခြင်းမှနေ၍ လုံးဝကင်းဝေးစေမည်ဖြစ်ပါသည်။ အဆောက်အအုံတစ်ခု၌ အပြင်ပန်းလှပနေရုံဖြင့် မလုံလောက်ဘဲ မျက်စိနှင့်မမြင်ရသည့် Electrical Safety & Breaker Sizing (လျှပ်စစ်စနစ် ဘေးကင်းလုံခြုံမှုစံနှုန်းများ)ကို တိကျစွာ ထည့်သွင်းတွက်ချက်တည်ဆောက်ထားမှုရှိမှသာလျှင် မိသားစုတိုင်း မီးဘေးအန္တရာယ်ကင်းပြီး စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည်လည်း ဖြစ်ပါသည်။ သို့ဖြစ်ရာ လျှပ်စစ်ဝန်အားပိုသုံးခြင်းဟူသော သတ်မှတ်ထားသည့် လျှပ်စစ်ပမာဏ(Capacity)ထက် ပိုမို၍ လျှပ်စစ်ဓာတ်အားကို သုံးစွဲခြင်းကို အထူးအလေးထား ရှောင်ရှားသင့်ကြပါသည်။

**ဖြစ်ပေါ်ရသည့် အကြောင်းရင်းများ**

- **ပစ္စည်းများပြားခြင်း။** လျှပ်စစ်မီးပလပ်ခုံ တစ်ခုတည်းတွင် လျှပ်စစ်သုံးစွဲမှုများသော ပစ္စည်းများစွာကို တစ်ပြိုင်နက်တည်း တွဲသုံးခြင်း၊
- **သတ်မှတ်ချက်ထက် ကျော်လွန်ခြင်း။** အိမ် သို့မဟုတ် အဆောက်အအုံအတွက် ခွင့်ပြုထားသော မီတာဝန်အား (Load)ထက် ပိုမိုသုံးစွဲခြင်း။

**ဆိုးကျိုးများနှင့် အန္တရာယ်များ**

- **မီးလောင်ကျွမ်းနိုင်ခြင်း။** လျှပ်စစ်ကြိုးများပူလာပြီး မီးပွားထွက်ခြင်းနှင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ခြင်း၊
- **ပစ္စည်းများ ပျက်စီးခြင်း။** အိမ်သုံးလျှပ်စစ်ပစ္စည်းများ (ရေခဲသေတ္တာ၊ အဲကွန်း စသည်တို့) အလုပ်မလုပ်တော့ဘဲ အမြန်ပျက်စီးခြင်း၊
- **မီးပျက်ခြင်း။** မီတာဘောက်စ်ရှိ ဘရိတ်ကာခုံများ မကြာခဏ ခုန်ကျခြင်း သို့မဟုတ် ပျက်စီးခြင်း။

> **“ ဝန်အားပိုသုံးစွဲမှု ကာကွယ်ခြင်းဆိုသည်မှာ လျှပ်စစ်ပစ္စည်းများ သို့မဟုတ် ဓာတ်အားစနစ်များတွင် ခွင့်ပြုထားသည့် ပမာဏထက် ပိုမိုလွန်ကဲစွာ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းကို တားဆီးကာကွယ်ခြင်းဖြစ်ပါသည်။ ပြည်သူအားလုံးက ဝန်ပိုသုံးစွဲမှုများနှင့် ကာကွယ်နိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ပေးကြမှသာလျှင် ဝန်အားပိုခြင်းကြောင့် ဖြစ်ပွားလာနိုင်မည့်အန္တရာယ်များမှ ကင်းဝေးကြမည် ”**

**မဖြစ်မနေဆောင်ရွက်သင့်သည့် နည်းလမ်းများ**

- ပလပ်ခုံတစ်ခုတည်းတွင် အပူပေးစက်၊ မိုက်ခရိုဝေ့ဖ်ကဲ့သို့ ဝန်အားပြင်း ပစ္စည်းများကို အတူတွဲမသုံးရန်၊
- လိုအပ်ပါက သင့်လျော်သော မီတာဝန်အား တိုးမြှင့်လျှောက်ထားရန်။

**Overload ၏ အဓိပ္ပာယ်**

Circuit Overload ဆိုသည်မှာ သတ်မှတ်ထားသော လျှပ်စစ်ပမာဏ သို့မဟုတ် ဝန်အား(Load)ထက် ကျော်လွန်၍ အသုံးပြုမိခြင်းကို ခေါ်ဆိုခြင်းဖြစ်သည်။ **လျှပ်စစ်စနစ် (Electrical Circuit)**အတွင်း သတ်မှတ်ထားသည့် Ampere ပမာဏထက် ပိုသုံးမိသောအခါ Overload ဖြစ်ပေါ်ပြီး အပူလွန်ကဲလာသည်။ မော်တာ သို့မဟုတ် စက်ပစ္စည်းများသည် သတ်မှတ်ထားသော ဝန်ပမာဏထက် ပိုမိုသယ်ဆောင်ရခြင်းကို (Mechanical/Electrical Load)ဟု ဆိုလိုသည်။

**အဓိကအကျိုးဆက်များ**

- ဝိုင်ယာကြိုးများ ပူလာခြင်းနှင့် အကာအကွယ်ပစ္စည်းများ ပျက်စီးခြင်း၊
- မီးလောင်ကျွမ်းနိုင်သည့် အန္တရာယ်ရှိခြင်း၊
- စက်ပစ္စည်းများ လောင်ကျွမ်းခြင်း သို့မဟုတ် သက်တမ်းတိုသွားခြင်း။

**Over Load ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ**

- (၁) Electronics ပစ္စည်းများစွာ ချိတ်ဆက်သုံးစွဲခြင်း (e.g- plug socket မှာ လျှပ်စစ်ပစ္စည်းများကို များများချိတ်သုံးခြင်း)၊
- (၂) အရည်အသွေးပြည့်မီသည့် cable သို့မဟုတ် circuit breaker များကို သင့်လျော်သည့်အရွယ်အစား မသုံးခြင်း၊
- (၃) Fault ဖြစ်ခြင်း(e.g short circuit)Short circuit ဖြစ်သည့်အခါ current များလာပြီး overload ဖြစ်ခြင်း။

**ဝန်အားပိုသုံးမှုကို ကာကွယ်ရန် နည်းလမ်းများ**

- **သတ်မှတ်ခွင့်ပြုဝန်အားကို လိုက်နာပါ။** မီတာ သို့မဟုတ် စက်ပစ္စည်းများတွင် သတ်မှတ်ထားသော ခွင့်ပြုဝန်အားထက် ကျော်လွန်၍ အသုံးမပြုပါနှင့်။
- **သင့်လျော်သော ဝိုင်ယာကြိုးအရွယ်အစားသုံးပါ။** ဓာတ်အားပမာဏနှင့် လိုက်ဖက်ညီပြီး ဝိုင်ယာကြိုးများကို အသုံးပြုခြင်းဖြင့် ဗို့အားကျဆင်းခြင်းနှင့် ဝန်ပိုမှုကို ကာကွယ်နိုင်သည်။
- **Fuses နှင့် Circuit Breakers များ တပ်ဆင်ပါ။** ဓာတ်အားပမာဏ အလွန်အကျွံရောက်လာပါက သို့မဟုတ် ဝန်ပိုလာပါက အလိုအလျောက် ဖြတ်တောက်ပေးမည့် ကိရိယာများကို အသုံးပြုပါ။
- **ဟောင်းနွမ်းနေသော မီးကြိုးများကို လဲလှယ်ပါ။** ကာလကြာရှည်သုံးစွဲထားပြီး ဟောင်းနွမ်းနေသော လျှပ်စစ်မီးကြိုးများကို အသစ်လဲလှယ်ပေးပါ။
- **ဗို့အားကာကွယ်ရေးပစ္စည်းများ သုံးပါ။** ဗို့အား မမှန်မကန်ဖြစ်ခြင်းမှ ကာကွယ်ရန် Voltage Protector ကဲ့သို့သော ကိရိယာများကို တပ်ဆင်ပါ။

အချုပ်အားဖြင့်ဆိုရသော် ဝန်အားပိုသုံးစွဲမှု ကာကွယ်ခြင်းဆိုသည်မှာ လျှပ်စစ်ပစ္စည်းများ သို့မဟုတ် ဓာတ်အားစနစ်များတွင် ခွင့်ပြုထားသည့် ပမာဏထက် ပိုမိုလွန်ကဲစွာ လျှပ်စစ်ဓာတ်အားသုံးစွဲခြင်းကို တားဆီးကာကွယ်ခြင်းဖြစ်ပါသည်။ ပြည်သူအားလုံးက ဝန်ပိုသုံးစွဲမှုများနှင့် ကာကွယ်နိုင်သည့် နည်းလမ်းများကို လိုက်နာဆောင်ရွက်ပေးကြမှသာလျှင် ဝန်အားပိုခြင်းကြောင့် ဖြစ်ပွားလာနိုင်မည့်အန္တရာယ်များမှ ကင်းဝေးကြမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ဝါးခယ်မမြို့နယ်၌ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး

**ဝါးခယ်မ အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ဝါးခယ်မမြို့နယ် အရှေ့စုကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ယနေ့ နံနက်ပိုင်းက ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူကိုကိုနှင့် ဝါးခယ်မမြို့နယ်မှ စီမံကိန်းတာဝန်ခံ၊ ဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အသေးစား စက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသားအသင်းသူ ၇၈ ဦးအား အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးထားပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အထွေး**

## မိုင်းခတ်မြို့နယ်၌ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်း ကျင်းပ

**မိုင်းခတ် အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(မိုင်းခတ်)၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ရည်ရွယ်၍ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို အောက်တိုဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။



ထို့နောက် ကျောင်းသားကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းကို ဆွေးနွေးပြီး မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများ ပေးအပ်ခြင်း၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ပြည်နယ်အဆင့် (ရှမ်းအရှေ့)တွင် ပထမဆုရရှိသော မယွန်းနဒီလင်းအား ဂုဏ်ပြုငွေ ပေးအပ်ချီးမြှင့်ကာ ခင်းကျင်းပြသထားသော အသိပညာပေးသုတ/ရသ စာအုပ်စာစောင်များ၊ အသိပညာပေးနံရံကပ် စာစောင်များကို တက်ရောက်လာကြသူများက လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

# အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံ



**ညောင်ရွှေ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် အင်းလေးဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူအား အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီအပူဇော်ခံပင့်ဆောင်ပွဲကို ယနေ့တွင် ရုပ်ရှင်တော်မြတ်များ သီတင်းသုံးစံပယ်တော်မူရာ နမ့်ဟူးရတနာစံကျောင်းတော်၌ ကျင်းပသည်။

ဒေသစာရီကြွချီအပူဇော်ခံ ပင့်ဆောင်ပွဲတွင် ညောင်ရွှေမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောလွင်က ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်များ အင်းလေးဒေသဝဲယာ ၂၁ ဌာနသို့ ဒေသစာရီကြွချီ အပူဇော်ခံပါမည့်အကြောင်း လျှောက်ထားလွှာကို ဖတ်ကြားလျှောက်ထားပြီး ဖောင်တော်ဦး ရုပ်ရှင်တော်မြတ်ပထမအဆုအား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ကျော်ကျော်ဟန်က လည်းကောင်း၊ ဒုတိယအဆုအား ကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင်က လည်းကောင်း၊ တတိယအဆုအား အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး မြင့်သူကလည်းကောင်း၊ စတုတ္ထအဆုအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ရဲမြင့်စိုးက လည်းကောင်း အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

အဆိုပါ ဖောင်တော်ဦးမြတ်စွာဘုရား ရုပ်ရှင်တော်မြတ်လေးဆူအား အင်းသားရိုးရာဆွဲလှေ ၁၂ စင်းဖြင့် သတ်မှတ်ရေလမ်းခရီးအတိုင်း ပင့်ဆောင်ပူဇော်ကြပြီး ယနေ့တွင် ကြေးပေါ်ခုံစံကျောင်းတော်၌ တစ်ညတာ ကိန်းဝပ်ပူဇော်ခံမည်ဖြစ်သည်။

**ဆက်လက်ကြွချီအပူဇော်ခံမည်**

ဆက်လက်၍ အောက်တိုဘာ ၁၃ ရက်တွင် အင်းတိန်စံကျောင်းတော်မှ ဟဲယာရွာမစံကျောင်းတော်သို့ ဆက်လက်ကြွချီအပူဇော်ခံမည်ဖြစ်ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# လှိုင်ကော်မြို့ရှိ နောင်ယားဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ



**လှိုင်ကော် အောက်တိုဘာ ၁၂**

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လှိုင်ကော်မြို့ရှိ နောင်ယားဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဈေးရုံ ၁၇ ရုံ၊ ဆိုင်ခန်းပေါင်း ၃၂၈ ခန်း ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သွားရောက်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်နှင့် ဈေးဆိုင်ခန်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ရန်မှာကြားသည်။

ထို့အတူ ၂၀၂၆- ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် နာနတ်တောရပ်ကွက် ရေပေးဝေနိုင်ရေးအတွက် 50 HP မော်တာနှစ်လုံးနှင့် 20 HP မော်တာနှစ်လုံး တပ်ဆင်ခြင်းလုပ်ငန်း၊ ဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်နှင့် ဂါလန် ၁၂၀၀၀ ဆံ့ ရေစင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အကြမ်းဖက်သမားများကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အခြေခံပညာ အထက်တန်းကျောင်း (နာနတ်တော)၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ကျောင်းဆောင် ငါးဆောင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် RCC တစ်ထပ် စာကြည့်တိုက်အသစ် ဆောက်လုပ်ပြီးစီးမှု၊ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် RCC နှစ်ထပ်ကျောင်းဆောင်အသစ် ဆောက်လုပ်နေမှုနှင့် ကျောင်းဆောင်ငါးဆောင်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကျောင်းဆောင် တစ်ဆောင် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အယ်လ်နီညို ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အခြေအနေအပေါ် ကြိုတင်ပြင်ဆင်မှုအဖြစ် ဆောင်ရွက်ထားသည့် အပူရှောင်စခန်း အမှတ်(၁)နှင့် အမှတ်(၂) တို့ကို လည်းကောင်း၊ ပြည်သူ့ဆေးရုံ၌ Heat Stroke Unit ဖွင့်လှစ်ထားရှိမှုကိုလည်းကောင်း၊ ပြည်နယ်မီးသတ်ဦးစီးဌာန၌ အရေးပေါ်အခြေအနေအတွက် ရှာဖွေကယ်ဆယ်ရေးယာဉ်များနှင့် ပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိမှု၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ ရပ်ကွက်များအတွင်း အရေးပေါ်မီးသတ်ရေငုတ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မမြရေလှောင်တမံ တမံအိလျှောမှုအား ကာကွယ်ထိန်းသိမ်းမှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ





**ပုသိမ် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ၏ အထက်ရေပြင်နှင့် ထိစပ်အပိုင်းမှစ၍ တမံအိလျှောနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်းဒဏ်မခံရစေရန်အတွက် မိုးကာရေဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်းနှင့်အတူ တမံအိလျှောမှုအခြေအနေနှင့် ကာကွယ်ထိန်းသိမ်းမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် တမံရေအမြန်ဆုံးလျှော့ချနိုင်ရေးအတွက် တမံရေထုတ်ပြွန်မှ ၄၀၀ ကုဗပေ/ စက္ကန့် ရေလျှော့ချမှုအခြေအနေ၊ တမံအောက်ပိုင်း အိလျှောကျမှုအား ကာကွယ်ထိန်းသိမ်းနိုင်ရန်အတွက် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ မြေသားတမံပုံစံ တမံအောက်ခြေထောက်ခြင်းအား မြေတူးစက် သုံးစီး၊ မြေထိုးစက်တစ်စီး၊ မြေသယ်ယာဉ် ခုနစ်စီးတို့ဖြင့် ဆောင်ရွက်လျက်ရှိရာ စုစုပေါင်း အလျားပေ ၃၀၀၊ အောက်ခြေအကျယ် ပေ ၁၀၀၊ ထိပ်ဝအကျယ်ပေ ၇၀ နှင့် အမြင့် ၁၅ ပေအထိ ဆောင်ရွက်ပြီးစီးမှု၊ တမံအောက်ခြေထောက်ခြင်းလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိသော မြေသားတမံပုံစံ၏ နောက်ဘက်တွင် ရေစစ်ကျောက်ရိုး (Rock Toe) အလျားပေ ၅၅၀၊ အောက်ခြေပျမ်းမျှအကျယ် ၂၆ ပေ၊ ထိပ်ဝအကျယ် ခြောက်ပေ၊ ပျမ်းမျှအမြင့် ၁၀ ပေ ထည့်သွင်းတည်ဆောက်နိုင်ရေးအတွက် မြေပြင်အနေအထား အသေးစိတ်တွက်ချက်ခြင်းနှင့် ကျောက်ကြီးများ စုဆောင်းထားရှိပြီး တည်ဆောက်ရေးလုပ်ငန်းများ တစ်ပါတည်း ဆောင်ရွက်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ၊ အရေးပေါ်ရေပိုလွှဲအား နိမ့်မြင့်မှတ် ရေအမှတ် ၃၁၂ ပေမှ ၃၀၇ ပေသို့ ထပ်မံနှိမ့်ချ၍ ရေလျှော့ချနိုင်ရန် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် မမြရေလှောင်တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်ဆောင်ရွက်နေသဖြင့် ဧရာဝါချောင်းနှင့်မမြချောင်းအတွင်း ရေစီးဆင်းဝင်ရောက်မှုအခြေအနေနှင့် ကြိုတင်ရွှေ့ပြောင်းရသည့် ပြည်သူများကို တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူများအား ကူညီရွှေ့ပြောင်းပေးနေမှုတို့ကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

မမြရေလှောင်တမံ မြေသားတာပေါင်နိမ့်ကျမှုကြောင့် လတ်တလော ရေဝင်ရောက်မှုမရှိသော်လည်း ပြည်သူများအား ဘေးအန္တရာယ်ထိခိုက်မှုမရှိစေရေးအတွက် ရေဝင်ရောက်နိုင်သည့်အတွက် ကြိုတင်ရွှေ့ပြောင်းမှုအနေဖြင့် မြန်အောင်မြို့နယ်နှင့် အင်္ဂပူမြို့နယ်အတွင်း ရွာနှင့်နီးစပ်ရာ ကုန်းမြင့်ဒေသကျေးရွာများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကျေးရွာအုပ်စု ၁၁ အုပ်စုမှ အိမ်ထောင်စု ၂၇၀၁ စု၊ လူဦးရေ ၁၀၉၀၃ ဦးအား တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက ဝိုင်းဝန်းကူညီ၍ ရွှေ့ပြောင်းထားရှိပြီး ဖြစ်ကာ ကယ်ဆယ်ရေးစခန်း ၁၄ ခုတွင် အိမ်ထောင်စု ၁၃၂၃ စု၊ လူဦးရေ ၄၇၁၅ ဦး ခေတ္တနေထိုင်လျက်ရှိပြီး ၎င်းတို့၏ နေထိုင်စားသောက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် အောက်တိုဘာ ၁၂**

ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# အမေရိကန်ပါမောက္ခနှစ်ဦး စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆု ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၁၂**

အမေရိကန်စီးပွားရေးပညာရှင် ပါမောက္ခ ရောဘတ် အီးဟောလ်နှင့် မိုက်ကယ် ဝုဒ်ဖို့ဒ်တို့သည် ၂၀၂၆ ခုနှစ် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲရရှိခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် မက်ခရိုစီးပွားရေး တည်ငြိမ်ရေးအတွက် မိုက်ခရိုစီးပွားရေးအခြေခံများဆိုင်ရာ သုတေသနပြုမှုကြောင့် ဆုရရှိခဲ့ကြခြင်းဖြစ်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက အောက်တိုဘာ ၁၂ ရက်တွင် ကြေညာခဲ့သည်။

၎င်းတို့၏ သုတေသနသည် စီးပွားရေးတည်ငြိမ်ရေးမူဝါဒများ၏ သက်ရောက်မှုကို နားလည်နိုင်ရန်နှင့် စီးပွားရေးအတက်အကျများကို ပိုမိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် အထောက်အကူပြုသည့် စီးပွားရေးပုံစံများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးပါခဲ့သည်။

နိုဘယ်ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ ဂျွန်ဟက်စ်လာက ၎င်းတို့၏ သုတေသနသည် ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များနှင့် အစိုးရများ အသုံးပြုနေသည့် စီးပွားရေးပုံစံများအတွက် ခိုင်မာသော သီအိုရီအခြေခံကို ပံ့ပိုးပေးထားကြောင်း ပြောကြားခဲ့သည်။ ယင်းပုံစံများသည် စွမ်းအင်အကျပ်အတည်းများနှင့် အိမ်ထောင်စုများ၏ သုံးစွဲမှုပုံစံ ရုတ်တရက်ပြောင်းလဲခြင်းကဲ့သို့သော စီးပွားရေးရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အထောက်အကူပြုနိုင်သည်။

ဆုရရှိသူနှစ်ဦးအနက် ဟောလ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ စတန်းဖို့ဒ်တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်နေပြီး ဝုဒ်ဖို့ဒ်သည် နယူးယောက်မြို့ရှိ ကိုလံဘီယာတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**




# လေဆိပ်တိုက်ခိုက်ခံရမှုကြားမှ ရီယာ့ဒ်မြို့တွင် ကမ္ဘာ့စွမ်းအင်ညီလာခံ ဖွင့်လှစ်

**ရီယာ့ဒ် အောက်တိုဘာ ၁၂**

ဆော်ဒီအာရေဗျနိုင်ငံ မြို့တော်ရီယာ့ဒ်ရှိ ဘုရင်ခါလစ် အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုက်ခိုက်ခံရမှုကြောင့် လူသေဆုံးမှုများနှင့် လေကြောင်းခရီးစဉ် အနှောင့်အယှက်များ ဖြစ်ပေါ်ခဲ့သော်လည်း (၂၅) ကြိမ်မြောက် ကမ္ဘာ့ရေနံကောင်စီ စွမ်းအင်ညီလာခံကို အောက်တိုဘာ ၁၂ ရက်တွင် သတ်မှတ်အစီအစဉ်အတိုင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ဖူလုံရေး၊ စွမ်းအင်ဈေးကွက်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စွမ်းအင်စနစ်သို့ ကူးပြောင်းရေးတို့ကို အဓိကထားဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲသို့ အစိုးရအရာရှိများ၊ စွမ်းအင်လုပ်ငန်းဆိုင်ရာ ခေါင်းဆောင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ခဲ့ကြသည်။

ဆော်ဒီအာရေဗျနိုင်ငံ စွမ်းအင်ဝန်ကြီး မင်းသား အဗ္ဗဒူလာဇစ်ဘင် ဆယ်လ်မန်နှင့် ကမ္ဘာ့ရေနံကောင်စီဥက္ကဋ္ဌ ပက်ဒရို မီရက်စ်တို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြသည်။ ၎င်းတို့က သန့်ရှင်းသောစွမ်းအင်စနစ်သို့ ကူးပြောင်းရေးကို ဆောင်ရွက်ရာတွင် စွမ်းအင်ထောက်ပံ့မှုတည်ငြိမ်စေရေးကိုလည်း တစ်ပြိုင်နက်တည်း ထိန်းသိမ်းရန် လိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။

အဆိုပါ လေဆိပ်သည် အောက်တိုဘာ ၁၀ ရက်က ဒုံးကျည်ဖြင့် တိုက်ခိုက်ခံခဲ့ရပြီး လူ ၁၃ ဦး သေဆုံးကာ ၃၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ထို့နောက် အောက်တိုဘာ ၁၁ ရက်တွင်လည်း လေဆိပ်၌ ထပ်မံတိုက်ခိုက်မှု ဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုများကြောင့် လေကြောင်းခရီးစဉ်များ အနှောင့်အယှက်ဖြစ်ပေါ်ခဲ့ပြီး ညီလာခံသို့တက်ရောက်ရန် စီစဉ်ထားသည့် စွမ်းအင်လုပ်ငန်းဆိုင်ရာ အကြီးတန်းအရာရှိအချို့လည်း ခရီးသွားလာရေးအခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံတွင် စက်သုံးဆီပြတ်လပ်မှု ဖြစ်နိုင်ခြေမရှိဟု စွမ်းအင်ဝန်ကြီး ပြောကြား

**ကိုလံဘို အောက်တိုဘာ ၁၂**

သီရိလင်္ကာနိုင်ငံ၌ ပုဂ္ဂလိက စက်သုံးဆီဖြန့်ဖြူးရေးကုမ္ပဏီများက ဈေးကွက်အတွင်းသို့ စက်သုံးဆီပေးပို့မှုကို လျှော့ချခဲ့သော်လည်း စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်စေရန် အစိုးရက ဆောင်ရွက်နေကြောင်း စွမ်းအင်ဝန်ကြီး အနူရာကာရူနသီလာက အောက်တိုဘာ ၁၁ ရက်တွင် ပြောကြားသည်။

ပုဂ္ဂလိကကုမ္ပဏီများ၏ စက်သုံးဆီပေးပို့မှု လျော့နည်းလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို လျှော့ချရန် အစိုးရက နိုင်ငံပိုင် Ceylon Petroleum Corporation (CPC) ၏ စက်သုံးဆီဖြန့်ဖြူးမှုကို တိုးမြှင့်ထားကြောင်း ဝန်ကြီးက ပြောကြားသည်။

CPC သည် ဈေးကွက်အတွင်း ဖြန့်ဖြူးပေးနေသည့် စက်သုံးဆီပမာဏ၏ ဝေစုကို ၅၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးခဲ့ကြောင်း ၎င်းက ဆိုသည်။

ပုဂ္ဂလိကဖြန့်ဖြူးရေး ကုမ္ပဏီများသည် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အရှုံးများကိုကာမိစေရန် အခက်အခဲများ ကြုံတွေ့နေရသဖြင့် စက်သုံးဆီပေးပို့မှုကို လျှော့ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တရုတ်နိုင်ငံ နင်ရှားဒေသတွင် တစ်နှစ်လျှင် ဝိုင်ပုလင်း သန်း ၁၄၀ ထုတ်လုပ်

**ယင်းချွန်း အောက်တိုဘာ ၁၂**

(၄၇) ကြိမ်မြောက် ကမ္ဘာ့စပျစ်နှင့် ဝိုင်ညီလာခံကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ နင်ရှားဟွေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် ယင်ချွမ်းမြို့တွင် အောက်တိုဘာ ၁၂ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ နင်ရှားဒေသသည် တရုတ်နိုင်ငံ၏ အရေးပါသော ဝိုင်ထုတ်လုပ်ရေးဒေသတစ်ခုဖြစ်သည်။



အဆိုပါညီလာခံကို နိုင်ငံတကာ စပျစ်နှင့် ဝိုင်အဖွဲ့အစည်း (OIV) ၏ (၂၄) ကြိမ်မြောက် အထွေထွေညီလာခံနှင့်အတူ ပူးတွဲကျင်းပခြင်းဖြစ်ပြီး ၁၉၂၄ ခုနှစ်နောက်ပိုင်း အာရှဒေသတွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ ညီလာခံကို အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

နင်ရှားဒေသတွင် ဝိုင်ထုတ်လုပ်ရေးလုပ်ငန်း ၂၆၁ ခုရှိပြီး ယင်းတို့အနက် ဝိုင်ထုတ်လုပ်ရေးစက်ရုံ ၁၃၀ ပါဝင်ကာ တစ်နှစ်လျှင် ဝိုင်ပုလင်းပေါင်း သန်း ၁၄၀ ခန့် ထုတ်လုပ်လျက်ရှိသည်။ ဒေသတွင်း ဝိုင်လုပ်ငန်းသည် ခရီးသွားလုပ်ငန်းနှင့်လည်း ဆက်စပ်ဖွံ့ဖြိုးလာပြီး ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ဝိုင်အရသာ မြည်းစမ်းလေ့လာနိုင်သည့် နေရာများသည် ခရီးသွားများကို ဆွဲဆောင်လျက်ရှိသည်။ **ဆင်ဟွာ**

# ဖီဂျီနိုင်ငံ၏ ကမ်းရိုးတန်းတစ်လျှောက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တွေ့ရှိမှုကြောင့် စိုးရိမ်မှုများမြင့်တက်

**ဆူဗာ အောက်တိုဘာ ၁၂**

ဖီဂျီနိုင်ငံ၏ Paddle for Hope လှုပ်ရှားမှုအတွင်း ကမ်းရိုးတန်းတစ်လျှောက်ရှိ နေရာတိုင်းနီးပါး၌ ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ တွေ့ရှိခဲ့ရခြင်းကြောင့် နိုင်ငံ၏စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်နှင့် ကမ်းရိုးတန်းပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စိုးရိမ်မှုများမြင့်တက်လာကြောင်း Pacific Recycling Foundation (ပစိဖိတ်စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်းဆိုင်ရာ ဖောင်ဒေးရှင်း) က ပြောကြားသည်။

ဖောင်ဒေးရှင်းတည်ထောင်သူ အမီတက်စ် ဒေယိုက ယခုတွေ့ရှိချက်များသည် နိုင်ငံအတွင်း စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်ကို ပိုမိုထိရောက်အောင် ဆောင်ရွက်ရန်လိုအပ်နေကြောင်း ဖော်ပြနေသည်ဟု ပြောကြားသည်။

ထို့ပြင် ခရီးသွားလုပ်ငန်းအတွက် အရေးပါသည့် ကမ်းရိုးတန်းဒေသများကို ကာကွယ်ရန်အတွက် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စုဆောင်းခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် စီမံဆောင်ရွက်ခြင်းတို့အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဖီဂျီအသံလွှင့်ကော်ပိုရေးရှင်း၏ အောက်တိုဘာ ၁၂ ရက် ထုတ်လွှင့်ချက်တွင် ပြောကြားသည်။

တောင်ပစိဖိတ်ဒေသ၏ အဓိကခရီးသွားနေရာတစ်ခုဖြစ်သော ဖီဂျီနိုင်ငံသည် ၎င်း၏သဘာဝအလှအပများ၊ သန့်ရှင်းသောကမ်းခြေများနှင့် အဏ္ဏဝါဂေဟစနစ်များအပေါ် ခရီးသွားလုပ်ငန်းအတွက် များစွာမှီခိုအားထားနေရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ဆော်ဒီအာရေဗျနှင့် ယီမင်အကြား ဆွေးနွေးပွဲများ ဖြစ်မြောက်ရေး ကူညီရန် အီရန်အသင့်ရှိ

အီရန်နိုင်ငံသည် ဆော်ဒီအာရေဗျနှင့် ယီမင်အကြား ဆွေးနွေးပွဲများ စတင်နိုင်ရေးနှင့် အငြင်းပွားမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အစ္စမေးလ် ဘာဂေးအီက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားခဲ့သည်။

တီဟီရန်မြို့၌ပြုလုပ်သည့် ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ဘာဂေးအီက အာရေဗျကျွန်းဆွယ်၌ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အလွန်စိုးရိမ်ကြောင်း ပြောကြားခဲ့ပြီး ပဋိပက္ခများကို စစ်ရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းကို အီရန်နိုင်ငံအနေဖြင့် သဘောမတူ လက်မခံကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

### အပူလှိုင်းကြောင့် နှလုံးရောဂါရှိသည့် သက်ကြီးရွယ်အိုများ၏ သေဆုံးနိုင်ခြေ ခုနစ်ဆအထိ မြင့်တက်နိုင်

နှလုံးရောဂါရှိသည့် သက်ကြီးရွယ်အိုများသည် အပူလှိုင်းဖြစ်ပွားချိန်တွင် သေဆုံးနိုင်ခြေ ခုနစ်ဆအထိ မြင့်တက်နိုင်ကြောင်း အစီရင်ခံစာသစ်တစ်ရပ်တွင် ဖော်ပြထားသည်။ ထို့ကြောင့် အပူချိန်လွန်ကဲမှုဒဏ်ကို ခံနိုင်ရည်နည်းပါးသည့် လူနာများအားကာကွယ်ပေးနိုင်ရန် ၎င်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ကိုက်ညီသော အပူဒဏ်ကာကွယ်ရေးအစီအစဉ်များကို ကြိုတင်ရေးဆွဲချမှတ်သင့်ကြောင်း ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။ **ဆင်ဟွာ**

### ဂျပန်ရိုးရာ ဆူမိုနပန်းပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် သုံးရက်ကြာ ကျင်းပမည်

ဂျပန်ရိုးရာ ဆူမိုနပန်းသမားများသည် ၎င်းတို့၏ အားကစားနည်းကို ထိုင်းနိုင်ငံတွင် သရုပ်ပြရန် ပြင်ဆင်နေကြပြီး လာမည့်နှစ် ဇွန်လတွင် သုံးရက်ကြာ သရုပ်ပြပွဲတစ်ရပ် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါပွဲကို ဂျပန်နှင့် ထိုင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် နှစ် ၁၄၀ ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပသွားမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေအပေါ် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းဆောင်ရွက်သွားရန် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မှာကြား

**မုံရွာ အောက်တိုဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုအခြေအနေအပေါ် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဌာနဆိုင်ရာများနှင့် အုပ်ချုပ်ရေးအဖွဲ့များက အလေးထားကာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရေး ညှိနှိုင်းအစည်းအဝေးတွင် တာဝန်ရှိသူများအား မှာကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာသူကြသူများက တိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် အခြေအနေအပေါ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**ဟားခါး အောက်တိုဘာ ၁၂**

တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းရာ သက်ဆိုင်ရာပြည်နယ်ဝန်ကြီးများက ရှင်းလင်းဆွေးနွေးဖြေကြားကြသည်။

ဆက်လက်၍ တီးတိန်မြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ် အမှတ်(၂) ဦးတင်ကာကျင်က ချင်းတိုင်းရင်းသားများ၏ လူမျိုးအမည်များအား မှန်မှန်ကန်ကန် အသုံးပြုခွင့်ရရှိနိုင်ရေး အမြန်ဆောင်ရွက်ပေးပါရန် ချင်းပြည်နယ်အစိုးရအဖွဲ့အား တိုက်တွန်းကြောင်း အဆိုတင်သွင်းရာ ဟားခါးမြို့နယ်မဲဆန္ဒနယ် ကိုယ်စားလှယ် အမှတ် (၂) ဦးဆန်းအုပ်မန်းက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုအား လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် လက်ခံဆွေးနွေးရန် အတည်ပြုဆုံးဖြတ်ကာ တတိယအကြိမ် ချင်းပြည်နယ်လွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ရပ်နားသည်။

တတိယအကြိမ် ချင်းပြည်နယ် လွှတ်တော်စတုတ္ထပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး လေးမျက်နှာမြို့နယ် အနောက်ခြမ်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**လေးမျက်နှာ အောက်တိုဘာ ၁၂**

လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် လေးမျက်နှာမြို့နယ် အနောက်ကွမ်းခြံကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) သို့ရောက်ရှိပြီး ပညာရည်ချွန်ဆုပေးပွဲအတွက် ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်း၍ ကျောင်းသားကျောင်းသူများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး နိုင်ငံ့အကျိုး၊ ဒေသအကျိုးသယ်ပိုးမည့် လူချွန်လူကောင်းများပေါ်ထွန်းလာစေရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် ကွမ်းခြံကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ဆေးဝါးများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဆီဆုံကုန်းမှ ရေဖြူကျေးရွာသို့သွားသော လမ်းပေါ်ရှိ အရှည် ၆၅ ပေ သစ်သားတံတားကို ကြည့်ရှုပြီး ရာသီမရွေးအသုံးပြုနိုင်ရန်အတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တာဝန်သိစိတ်ဓာတ်ဖြင့်ပူးပေါင်းဆောင်ရွက်ရန် ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင် မှာကြား

**ဖလမ်း အောက်တိုဘာ ၁၂**

ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများက တာဝန်သိစိတ်ဓာတ်ဖြင့် လုပ်သင့်လုပ်ထိုက်သည်များ ပူးပေါင်းဆောင်ရွက်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်က ယနေ့တွင် ဖလမ်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖလမ်းမြို့နယ် ရပ်ကွက် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံစဉ် မှာကြားသည်။

ထို့အတူ ချင်းပြည်နယ် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တာဝန်ရှိသူများက ဝက်သက်/ဂျိုက်သိုး ကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်များ၊ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းအစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ရပ်ကွက်/ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များက မိမိတို့ရပ်ကွက်/ကျေးရွာအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါတွေ့ဆုံပွဲတွင် တက်ရောက်လာကြသည့် ဒေသခံများကို ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ကွန်ပေါင်းဓာတ်မြေဩဇာ အထုပ် ၇၀၊ ကော်ဖီမျိုးစေ့ ငါးကီလိုအိတ် ၁၀ အိတ်၊ ဟင်းသီးဟင်းရွက်မျိုးစေ့ ၂၃၆ ထုပ်၊ ဆီထွက်ပဲပုပ်တစ်တင်း၊ နှမ်းမျိုးကောင်းမျိုးသန့် ရှစ်ပြည် ပေးအပ်ခဲ့သည်။



တွေ့ဆုံပွဲအပြီးတွင် ဒုတိယဝန်ကြီးသည် နယ်မြေခံတပ်မှ တာဝန်ရှိသူများနှင့်အတူ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ဆူရ်ဘုန်လေဆိပ် အဆောက်အအုံများ တစ်စိတ်တစ်ပိုင်း ပျက်စီးမှု၊ လေယာဉ်ပြေးလမ်း အချက်ပြမီးများ ဖျက်ဆီးခံရမှု၊ လေကြောင်းထိန်းစက်ပစ္စည်း ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

သာယာဝတီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ သုံးဆယ်မြို့မရဲစခန်းနှင့် စံရွေးနယ်မြေရဲစခန်းတို့တွင် အောက်တိုဘာ ၁၁ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်ဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များက အသေးစားမီးသတ်စက်၊ မီးသတ်ယာဉ်တို့ဖြင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်၊ ရဲတပ်ဖွဲ့မိသားစုဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များက ကြည့်ရှုအားပေးစဉ်။ သန့်ဇော်(ပြန်/ဆက်)



# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၃၉)

## စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်မှု

*ဒေါက်တာမျိုးကြွယ် (ပါမောက္ခချုပ် -ငြိမ်း)*

ဩစတြေးလျနိုင်ငံ၊ ဂျာမနီနိုင်ငံ၊ နယ်သာလန်နိုင်ငံနှင့် အာဆီယံနိုင်ငံအချို့ စသည့်ကမ္ဘာ့နိုင်ငံများ စိုက်ပျိုးမွေးမြူရေးကဏ္ဍ နိုင်ငံတကာတွင် ထိပ်တန်းရောက်နေရခြင်းသည် **စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့** နှစ်စဉ်တိုးတက်ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှုအပေါ် မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အမိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဆက်လက်ဆွေးနွေးလိုပါသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဦးနှောက်ယိုစီးဆုံးရှုံးမှု ပြဿနာနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး**

**၁။ ဦးနှောက်ယိုစီးဆုံးရှုံးမှုဆိုသည်မှာ အဘယ်နည်း။** Brain Drain ဆိုသည်မှာ ပညာအရည်အချင်း၊ ကျွမ်းကျင်မှုနှင့် အတွေ့အကြုံမြင့်မားသော လူ့စွမ်းအားများသည် မိမိနိုင်ငံမှ အခြားနိုင်ငံများသို့ အလုပ်အကိုင်၊ လစာ၊ ပိုမိုကောင်းမွန်သော သုတေသနအခွင့်အလမ်း၊ ပညာရေးနှင့် လူနေမှုအခြေအနေများကြောင့် ထွက်ခွာသွားခြင်းကို ဆိုလိုပါသည်။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဤ Brain Drain သည် အရေးကြီးသော Human Resource Development (HRD) စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။

သို့သော် ပြဿနာကို **"လူငယ်များ နိုင်ငံခြားမထွက်အောင် တားဆီးခြင်း"**အဖြစ်သာ မမြင်သင့်ပါ။ ပိုမိုရေရှည်တည်တံ့သော နည်းလမ်းမှာ အရည်အချင်းရှိသော လူ့စွမ်းအားများကို မွေးထုတ်ရန်၊ ပြည်တွင်းတွင် အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများ ဖန်တီးရန်၊ နိုင်ငံခြားရောက်ပညာရှင်များနှင့် ဆက်လက်ချိတ်ဆက်ထားရန်၊ ၎င်းတို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးချရန် ဖြစ်ပါသည်။

**၂။ ဦးနှောက်ယိုစီးဆုံးရှုံးမှု (Brain Drain) မှ ဦးနှောက်လည်ပတ်စီးဆင်းနေမှု (Brain Circulation) သို့ ဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် စဉ်းစားနိုင်သည်မှာ ပြည်တွင်းပုဂ္ဂလိက လူငယ်များအတွက် ပညာသင်ယူ/လေ့ကျင့်ပြီးလျှင် အတွေ့အကြုံရအောင် အလုပ်လုပ်ပြီး နိုင်ငံတကာအတွေ့အကြုံရယူရပါမည်။ ထို့နောက် ပြည်တွင်းအဖွဲ့အစည်းများနှင့် ဆက်သွယ်ထားပြီး မိမိနိုင်ငံသို့ ပြန်လာ၍ သင်ကြားရေး/ သုတေသန/ ရင်းနှီးမြှုပ်နှံ/နည်းပညာလွှဲပြောင်း စသည့်ပုံစံဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံခြားသို့ ပညာသင်ထွက်ခွာသွားသူတိုင်းကို **"ဆုံးရှုံးသွားသော လူ့စွမ်းအား"** ဟုသာ မမြင်ဘဲ **"နိုင်ငံတကာအတွေ့အကြုံနှင့် အသိပညာရရှိထားသော အနာဂတ်မိတ်ဖက် (Partner)"**အဖြစ် ပြန်လည်ချိတ်ဆက်အသုံးချနိုင်ပါသည်။ (ပညာပြည့်ဝပြီးသည်နှင့် အမိနိုင်ငံသို့ ပြန်လာပြီး မိမိနိုင်ငံမှာ အလုပ်လုပ်ဖို့အတွက် နှစ်ဖက်ညှိနှိုင်းမှုတော့ ဆောင်ရွက်ရမည်ထင်ပါသည်။)

အစိုးရဝန်ထမ်းများအနေဖြင့် လျော်ကြေးငွေအပေါ် မူတည်ပြီး ငွေလျော်ပြီးနောက် ပြန်မလာကြသဖြင့် အခက်တော့တွေ့ပါသည်။ ဥရောပ၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဂျပန် စသည့်နိုင်ငံအများစုကလည်း လူ့အခွင့်အရေးအကြောင်းပြ၍ ပညာသင်ပေးပြီးသည်နှင့် သူတို့နိုင်ငံ လိုအပ်ချက်အရ ပညာတတ်များကို အလုပ်ခန့်ထားလိုက်ကြပါတော့သည်။ ပညာတတ်အများစုက ပြန်မလာကြတော့ပါ။

> ❖ **မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဤ** Brain Drain **သည် အရေးကြီးသော** Human Resource Development (HRD) **စိန်ခေါ်မှုတစ်ရပ်ဖြစ်**
>
> ❖ **သို့သော် ပြဿနာကို "လူငယ်များ နိုင်ငံခြားမထွက်အောင် တားဆီးခြင်း"အဖြစ်သာ မမြင်သင့်ပါ။ ပိုမိုရေရှည်တည်တံ့သော နည်းလမ်းမှာ အရည်အချင်းရှိသော လူ့စွမ်းအားများကို မွေးထုတ်ရန်၊ ပြည်တွင်းတွင်အလုပ်အကိုင်နှင့် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းများဖန်တီးရန်၊ နိုင်ငံခြားရောက် ပညာရှင်များနှင့် ဆက်လက်ချိတ်ဆက်ထားရန်၊ ၎င်းတို့၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုများကို နိုင်ငံဖွံ့ဖြိုးရေးအတွက် ပြန်လည်အသုံးချရန်ဖြစ်**

**၃။ စိုက်ပျိုးမွေးမြူရေး လူ့စွမ်းအားကို အဆင့်အလိုက်ဖွံ့ဖြိုးရန် ဆောင်ရွက်ခြင်း။** လူ့စွမ်းအားဖွံ့ဖြိုးမှု (HRD – Human Resources Development) ဆိုသည်မှာ တက္ကသိုလ်ဘွဲ့ရများ ပိုမိုထုတ်လုပ်ခြင်းတစ်ခုတည်းမဟုတ်ပါ။

မြန်မာနိုင်ငံတွင် အောက်ပါအဆင့်လိုက် လူ့စွမ်းအားဖွံ့ဖြိုးမှုစနစ် လိုအပ်ပါသည်-



ဩစတြေးလျနိုင်ငံ ပုဂ္ဂလိကတောင်သူပညာပေးလုပ်ငန်းများ။



အိန္ဒိယနိုင်ငံ ပုဂ္ဂလိကတောင်သူပညာပေးလုပ်ငန်းများ။

**(၃-က) စိုက်ပျိုးမွေးမြူတောင်သူများ။** တောင်သူမှ ကျွမ်းကျင်တောင်သူဖြစ်အောင် လေ့ကျင့်ပေးရပါမည်။ ထိုမှ ခေတ်မီတောင်သူ (Smart Farmer) ကို လေ့ကျင့်ပျိုးထောင်ပေးပြီး နောက်ဆုံးစွန့်ဦးတည်ထွင်သူ တောင်သူ (Agri-preneur)ဖြစ်လာစေမှု စသည်တို့ဖြစ်ပါသည်။ တောင်သူများအား မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ မြေဆီလွှာစီမံခန့်ခွဲခြင်း၊ ရေစီမံခန့်ခွဲခြင်း၊ ဘက်စုံပိုးမွှားကာကွယ်ရေး (Integrated Pest Management – IPM)၊ စိုက်ပျိုးရေးစက်ကိရိယာ၊ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသော စိုက်ပျိုးမွေးမြူရေး၊ လယ်ယာစီးပွားရေး၊ ဒီဂျစ်တယ်စိုက်ပျိုးမွေးမြူရေး၊ ဈေးကွက်သတင်းအချက်အလက် စသည်တို့ကို လက်တွေ့အသုံးချနိုင်ရန် လေ့ကျင့်ပေးသင့်ပါသည်။

**(၃-ခ) စိုက်ပျိုးမွေးမြူရေးနည်းပညာရှင်များ။** အထူးသဖြင့် အလယ်အလတ်အဆင့် (Technical Work-force) တစ်ရပ်ခိုင်မာရန် လိုအပ်ပါသည်။ ဥပမာ- ရေသွင်းကျွမ်းကျင်ပညာရှင်၊ စက်မှုလယ်ယာကျွမ်းကျင်ပညာရှင်၊ မြေဆီလွှာခေတ်ခွဲခန်းပညာရှင်၊ ပထဝီအချက်အလက်နည်းပညာရှင်၊ ဒရုန်းပညာရှင်၊ မျိုးစေ့ထုတ်လုပ်ရေးပညာရှင်၊ အစားအစာပြုပြင်ထုတ်လုပ်သူပညာရှင်၊ မွေးမြူရေးပညာရှင်၊ စိုက်ပျိုးခေတ်ခွဲခန်းပညာရှင် စသည်တို့ဖြစ်ပါသည်။ ဤအုပ်စုသည် တက္ကသိုလ်နှင့် တောင်သူများအကြား ဆက်သွယ်ပေးမည့် တံတားသဖွယ်ဖြစ်နိုင်ပါသည်။

**(၃-ဂ) စိုက်ပျိုးမွေးမြူရေးတက္ကသိုလ် ဘွဲ့ရများ။** ဤတက္ကသိုလ်များသည် စိုက်ပျိုးမွေးမြူရေးသိပ္ပံပညာရှင်၊ သုတေသနပညာရှင်၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ မန်နေဂျာများ၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စွန့်ဦးတီထွင်ထုတ်လုပ်သူတို့ကို လိုအပ်ချက်နှင့်အညီ မွေးထုတ်ပေးနိုင်ရန် လိုအပ်ပါသည်။

**၄။ တက္ကသိုလ်၊ စက်ရုံ၊ အစိုးရ၊ တောင်သူချိတ်ဆက်မှု တည်ဆောက်ရန်။** စိုက်ပျိုးမွေးမြူရေး HRD အတွက် အဖွဲ့အစည်းလေးခု ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။

(၄-က) တက္ကသိုလ်ပညာ + သုတေသန + ခေတ်မီ စိုက်ပျိုးမွေးမြူရေးပညာ

(၄-ခ) အစိုးရမူဝါဒ/တောင်သူနည်းပညာပေး (Extension) + အခြေခံအဆောက်အအုံ

(၄-ဂ) ပုဂ္ဂလိကကဏ္ဍနည်းပညာ + ရင်းနှီးမြှုပ်နှံမှု + အလုပ်အကိုင် + ပြည်တွင်း၊ ပြည်ပ ဈေးကွက်

(၄-ဃ) တောင်သူထုတ်လုပ်မှု+ဆန်းသစ်တီထွင်မှု + တုံ့ပြန်ချက်တို့ ဖြစ်ပါသည်။ ဤစနစ်သည် တက္ကသိုလ်၊ အစိုးရနှင့် တောင်သူများ သီးခြားစီလုပ်ဆောင်ခြင်းထက် ပိုမိုထိရောက်နိုင်ပါသည်။

**၅။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ စံပြကွင်းဌာနများ တည်ထောင်ရန်။** တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်အလိုက် သင့်တော်သောမြို့နယ်အချို့တွင် တောင်သူများကို ကူညီပေးနိုင်သော အထူးပြုလိုအပ်အားလုံးရှိသော စိုက်ပျိုးမွေးမြူရေး နည်းပညာပေးဌာနကွင်းဌာနများ တည်ထောင်နိုင်ပါသည်။ စိုက်ပျိုးရေး၊ ဆည်မြောင်း၊ စက်မှုလယ်ယာ၊ မွေးမြူကုသရေး၊ မြေစာရင်း၊ ငါးလုပ်ငန်း စသည်ဖြင့် တစ်ရုံး၊ တစ်နေရာတည်း အိန္ဒိယနိုင်ငံ KVK Center ပုံစံစမ်းသပ်တည်ထောင်ဆောင်ရွက်နိုင်ပါသည်။ ဩစတြေးလျနိုင်ငံတွင် အစိုးရက တောင်သူပညာပေးလုပ်ငန်းများကို ဝန်ထမ်း၊ ဘတ်ဂျက်လျှော့ချပြီး ပုဂ္ဂလိကလုပ်ငန်းများက တာဝန်ယူမှု ပိုများပြားလာပါသည်။

**(၅-က) ဒီဂျစ်တယ်စိုက်ပျိုးရေးဌာန။** ဉာဏ်ရည်တု AI + ပထဝီသတင်းအချက်အလက်ပညာ + အဝေးမှအာရုံခံခြင်း + ဒရုန်း + အင်တာနက်

**(၅-ခ) ရာသီဥတု လိုက်လျောညီထွေဖြစ်စေသော စိုက်ပျိုးမွေးမြူရေးဌာန။** ရေ + မြေဆီလွှာ၊+ ရာသီဥတု e + ဇီဝမီးသွေး = ဤဌာန CSA

**(၅-ဂ) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ဇီဝနည်းပညာဌာန။** အပင်မျိုးစပ်မွေးမြူရေး + တစ်ရှူးမွေးမြူရေး+ မော်လီကျူးဆိုင်ရာဇီဝဗေဒ

**(၅-ဃ) စိုက်ပျိုးမွေးမြူရေး အင်ဂျင်နီယာဌာန။** စက်မှုလယ်ယာ + ရေသွင်းစနစ်+ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်+ အလိုအလျောက် စိုက်ပျိုးမွေးမြူစနစ် (စကားချပ်။ စိုက်ပျိုးရေးအင်ဂျင်နီယာပညာသည် အရေးကြီးသော ဘာသာရပ်ကြီးဖြစ်သော်လည်း ဘွဲ့ကြို၊ ဘွဲ့လွန် – မဟာသိပ္ပံ/ပါရဂူဘွဲ့ရသူများမှာ အနည်းငယ်သာရှိပါသည်)

**(၅-င) စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးနှင့် တန်ဖိုးကွင်းဆက်ပညာဌာန ။** လယ်ယာ

*စာမျက်နှာ ၁၇ သို့*

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၁၂** နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်း ကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် နယ်မြေများရှိ သင်တန်းကျောင်းအသီးသီး၌ စုဖွဲ့၍ လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြပြီး ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။



အဆိုပါ သင်တန်းဖွင့်ပွဲများသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဦးစွာ သင်တန်းဖွင့်ပွဲများတွင် သင်တန်းကျောင်းများ အလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၉)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင်တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၉)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ရန် သင်တန်းတက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည် -

၁။ ကျွန်တော် ဒီသင်တန်းကို မိမိရဲ့ဆန္ဒအရ စစ်မှုထမ်းရန် တက်ရောက်လာခြင်း ဖြစ်ပါတယ်။ ဆရာတွေ သင်ကြားပေးတဲ့ ပညာရပ်အတိုင်း စနစ်တကျ လိုက်နာသင်ယူမယ်လို့ ဆုံးဖြတ်ထားပါတယ်။ သင်တန်းကာလ ပြီးမြောက်သွားလို့ရှိရင် အထက်ကပေးတဲ့ အမိန့်နဲ့တာဝန်တွေကို ကျေပွန်စွာ ထမ်းဆောင်သွားမှာပါ။

၂။ စစ်မှုထမ်းဆင့်ခေါ်စာပေါ့နော်။ နှစ်နှစ်တာဝန်ထမ်းဆောင်ရမယ်ဆိုပြီးတော့ ဆင့်ခေါ်စာ ရောက်လာလို့ လာရောက် ထမ်းဆောင်ခြင်း ဖြစ်ပါတယ်ခင်ဗျ။ ဘယ်အရာမဆို အောင်မြင်အောင်ပေါ့။ နောက်ဆုံးပြီးတဲ့အချိန်ထိ ကြိုးစားသွားမှာပါ။ တိုင်းပြည်ကိုလည်း ကျေးဇူးဆပ်ရာလည်း ရောက်တယ်ပေါ့နော်။ ပြီးတော့လည်း ဒီနှစ်နှစ်ဆိုတာကလည်း ဒါလူတိုင်း ယောကျ်ားတိုင်း တာဝန်ထမ်းဆောင်ရမှာ ဖြစ်တဲ့အတွက် ရှောင်လွှဲလို့မရဘူးပေါ့။ အပြင်လောကနဲ့ တပ်မတော်ဆိုတာတော့ အများကြီး ကွာခြားတယ်ပေါ့နော်။ အပြင်မှာကျတော့ ကျွန်တော်တို့ နေချင်သလိုနေတယ်၊ စားချင်သလို စားတယ်၊ သွားချင်သလိုသွားတယ်။ ဒါပေမယ့် ဒီထဲမှာရောက်သွားတဲ့ ဒီနှစ်နှစ်ကနေပြီးသွားလို့ရှိရင် ကျွန်တော်တို့ အရင်လိုနေဖြစ်မှာတော့ မဟုတ်တော့ဘူးပေါ့ဗျာ။ ဒီထဲကအတိုင်းပဲ မနက်ဆိုရင်လည်း ကိုယ့်ဘာသာကိုယ်ထစရာရှိတာထမယ်၊ လုပ်စရာ ရှိတာလေးတွေလုပ်မယ်၊ အရာရာအားလုံး စနစ်တကျနဲ့ ကိုယ့်တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ အဲလိုမျိုးသွားမယ်ပေါ့နော်။ ကျွန်တော်တို့ နိုင်ငံခြားသွားတာပဲဖြစ်ဖြစ်ပေါ့နော် ကိုယ့်ရပ်၊ ကိုယ့်ဒေသမှာပဲဖြစ်ဖြစ် အကုန်လုံးက လွတ်လွတ်လပ်လပ် နေနိုင်မယ်။ ပြီးတော့ နိုင်ငံပေါ်မှာလည်း နှစ်နှစ်ဆိုတာ ပြီးသွားတာဖြစ်တဲ့အတွက် တာဝန်ကျေပွန်တယ်ပေါ့နော်။ အလုပ်အကိုင် အခွင့်အလမ်းတွေလည်း အများကြီးရတယ်ပေါ့၊ ဘာမှမဖြစ်ပါဘူး။ ကျွန်တော်တို့ အပြင်မှာတော့ ကျွန်တော်တို့လည်း ကြောက်တာပေါ့။ ဒါပေမယ့် တကယ်တမ်း ရောက်သွားတဲ့အခါမျိုးကျတော့လည်း ထင်သလောက်လည်း မဟုတ်ပါဘူး။ အကုန်လုံးကတော့ ခက်ခဲတာပေါ့။ ဒါပေမယ့်လည်း ကိုယ်က ယောကျ်ားဆိုတော့ ဖြတ်ကျော်ရမှာပဲလေ။ **သတင်းစဉ်**





❑ *ကျောဖုံးမှ*

လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၁၃ ထပ်အဆောက်အအုံတစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် ငါးထပ်အဆောက်အအုံနှစ်လုံးအား ယာဉ်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် အဆောက်အအုံ ၆၃ လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ၊ ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးရမည့် အဆောက်အအုံများအနက် ငါးထပ်အဆောက်အအုံတစ်လုံးမှာ ဖြိုချဖျက်ဆီးမှု ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ထပ်မံ၍ ငါးထပ် အဆောက်အအုံတစ်လုံးမှာ ၂၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။ ထို့ပြင် ဖောက်ခွဲ၍ဖြိုချဖျက်ဆီးမည့် ၁၃ ထပ်အဆောက်အအုံတစ်လုံးအား ယမ်းဖြင့် ထပ်မံဖောက်ခွဲ၍ အလုံးစုံဖြိုချဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ လုပ်ကိုင်ခဲ့သည့် ဖျက်ဆီးရန်ကျန် အဆောက်အအုံများအား စနစ်တကျ ဆက်လက်၍ဖြိုချဖျက်ဆီးသွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကာ ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ နိုင်ငံအတွင်း လုံးဝအခြေမချနိုင်သည်အထိ ထိထိရောက်ရောက် ရှာဖွေစစ်ဆေးနှိမ်နင်းခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။**

*စာမျက်နှာ ၁၆ မှ*

ထွက်ကုန်ပြုပြင်မွမ်းမံခြင်း+ ဈေးကွက်+ နိုင်ငံခြားတင်ပို့မှု + စွန့်ဦးတီထွင်မှု

**(၅-စ) တောင်သူပညာပေးဌာန။** တောင်သူပညာပေးသင်တန်းများ + ဒီဂျစ်တယ်စနစ်ဖြင့် ပညာပေးခြင်း + အဝေးမှဆက်သွယ်ခြင်း စသည်တို့ဖြစ်ပြီး ဤစင်တာများသည် တက္ကသိုလ်များ၊ အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းများနှင့် တောင်သူများအားလုံး စုပေါင်းလုပ်ဆောင်ခြင်းဖြင့် တောင်သူများအတွက် အသုံးဝင်နိုင်ပါသည်။

**စာရေးသူ၏အတွေး**

ရေတိုစီမံချက်အနေဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ကို လက်ရှိသိပ္ပံပညာရှင်များဖြင့် နယ်သာလန် ဗာဂန်နီဂန်တက္ကသိုလ်ပုံစံ (WUR – Wageningen University & Research Model, The Netherlands) တက္ကသိုလ်နှင့် သုတေသနဌာနများရှိ ပညာရှင်များအားလုံးက မဟာသိပ္ပံ၊ ပါရဂူဘွဲ့ ကျောင်းသား ကျောင်းသူများ၏ သုတေသနများကို အားဖြည့်ကြီးကြပ်ပေးခြင်းဖြင့် အရည်အသွေးမြင့်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သောသုတေသနများ ပိုမိုဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းနယ်မြေ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောတက္ကသိုလ်များနှင့် သုတေသနဌာနများအားလုံးက မဟာဗျူဟာမြောက် နီးကပ်စွာ (လမ်းလျှောက်သွားလျှင်ကို ရပါသည်။) တည်ရှိသဖြင့် **စိုက်ပျိုး၊ မွေးမြူရေး၊ သစ်တောသိပ္ပံမြို့တော် (Agriculture, Live-stock and Forest Science City)** ကြီးသဖွယ် ဖြစ်နေ၍ ပူးပေါင်းဆောင်ရွက်ရန် အလွန်လွယ်ကူနေပါသည်။)

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀ နှင့် ၀၁-၈၆၀၄၇၅၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မုံရွာမြို့၌ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်လှစ်

**မုံရွာ အောက်တိုဘာ ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံး၏ ဦးဆောင်မှုဖြင့် တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါရုံးရှိ ဇေယျာရွှေမြစုပေါင်းခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်စိုးဝင်းနှင့် တာဝန်ရှိသူများက သင်တန်းဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။



အဆိုပါ တိုက်နယ်မှူးအဆင့် ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်းတွင် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူနည်းပြများက တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်ရုံးများမှ တိုက်နယ်မှူးဝန်ထမ်း သင်တန်းသား သင်တန်းသူ ၃၀ အား သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မိုင်းယန်းမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းယန်း အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မိုင်းလွေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မိုင်းယန်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးနှင့် တာဝန်ရှိသူများက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာဌာနများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများနှင့် တောမီးလောင်ကျွမ်းမှုမရှိစေရေး သတိပြုရန် အချက်များ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေးရှင်းလင်းဟောပြောကြရာ တက်ရောက်လာကြသော ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်း ဆွေးနွေးခဲ့သည်။ **ထွန်းထွန်းထူး**

## တောင်ငူမြို့၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်

**တောင်ငူ အောက်တိုဘာ ၁၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ် အခြေခံပညာ အလယ်တန်းကျောင်းခွဲ(ထီးနီကုန်း)၌ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ဆောင်ရွက်ရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်ယဉ်ယဉ်အေးက လူငယ်ရေးရာ အသိ ပညာပေးအနေဖြင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအား အသိပညာပေးဟောပြောဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။



ဆက်လက်၍ ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များ၊ အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကျိုင်းတုံမြို့၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်လှစ်

**ကျိုင်းတုံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၈၂) စက်မှု လယ်ယာစခန်းမှ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စက်မှုလယ်ယာစခန်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟန်သူရနှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ဒေသခံတောင်သူ သင်တန်းသား ၃၀ တက်ရောက်ပြီး အောက်တိုဘာ ၁၂ ရက်မှ ၂၃ ရက်အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေ

**အောင်လံ အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ အပူဒဏ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာမြို့မဈေးနှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဖြန့်ဝေဆောင်ရွက်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ခံများသည် အပူဒဏ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ဖြစ်ပွားပြီးနောက် ဆောင်ရွက်ရမည့်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ပြည်သူများ ဖြန့်ဝေပေးကြသည်။



မြို့နယ်(ပြန်/ဆက်)

## ကျောင်းကုန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**ကျောင်းကုန်း အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် တလုတ်ကုန်း အခြေခံပညာ အလယ်တန်းကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်း ဟောပြောပြီး စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်ကိုက စားသုံးသူကာကွယ်ပေးရေးအတွက် အသိပညာပေး ဟောပြောသည်။



ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတရသ စာအုပ်စာစောင်များ၊ မူးယစ်ဆေးဝါးဆိုင်ရာ အန္တရာယ်နှင့် ပတ်သက်၍ နံရံကပ်စာစောင်များ ပြသခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

## မိုင်းစံမြို့၌ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ် ဟောပြောပွဲကျင်းပ

**မိုင်းစံ အောက်တိုဘာ ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းစံမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အခြေခံပညာ မူလတန်းလွန်(ဝမ်လီ) ကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ခင်ခန့်ခန့်ချောက လူငယ်ရေးရာဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။



ထို့နောက် မိုင်းစံမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး နံရံကပ်စာစောင်ကို ကျောင်းသား ကျောင်းသူများအား ပြသခဲ့ရာ ကျောင်းသားကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

အိဇာချို(ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဦးသက်ပိုင်ဦးနှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၂ ရက်တွင် မြောင်းမြမြို့နယ် ရွာသာကြီးကျေးရွာအုပ်စု ငွေးပင်ကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ သန်းလွင်(မကွေး)

## စစ်တွေမြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေး

**စစ်တွေ အောက်တိုဘာ ၁၂**

စစ်တွေမြို့ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းလွန်ကျောင်း(ပြည်တော်သာ) နှင့် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ယနေ့နံနက်ပိုင်းက ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းပူးပေါင်းအဖွဲ့များက ကျောင်းသား ကျောင်းသူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး ကွင်းဆင်းတိုက်ကျွေးခဲ့ကြောင်း သိရသည်။

ထိုသို့ကာကွယ်ဆေးတိုက်ကျွေးနေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့အတူ ဧည့်ဝတီရပ်ကွက် ဧည့်ဝတီဓမ္မာရုံ၌ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းပူးပေါင်းအဖွဲ့များက ရပ်ကွက်နေပြည်သူများကို ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စစ်တွေမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုကို ရပ်မိရပ်ဖနှင့် မိဘပြည်သူများအား တွေ့ဆုံရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆွေးနွေးဆုံးဖြတ်ရမည့် အမှုတွဲများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**





## မကွေးတိုင်းဒေသကြီး၌ ဥပဒေအသိပညာပေးသင်တန်း ဖွင့်လှစ်

**မကွေး အောက်တိုဘာ ၁၂**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် ဥပဒေအသိပညာပေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများက သင်တန်းနည်းပြဆရာ ဆရာမများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ အဆိုပါသင်တန်းတွင် တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ တာဝန်ရှိသူများက တက်ရောက်လာသည့် သင်တန်းသား သင်တန်းသူ ၁၀၀ ခန့်အား သိသင့်သိထိုက်သည့် ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။

ဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများက ကျန်းမာရေးဝန်ကြီးဌာနက စီမံခန့်ခွဲနေသည့် ဥပဒေများအပါအဝင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သိရှိထားသင့်သည့် ဥပဒေ ၁၉ မျိုးကို စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် မိမိတို့၏ လုပ်ငန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာဆောင်ရွက်ခြင်းဖြင့် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်မှုကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

## ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ် တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၂**

ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်ကို အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ကျင်းပရာ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းဇေယျာလှိုင်နှင့်အဖွဲ့ တက်ရောက်သည်။

ထို့ပြင် ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်တွင် ပူးတွဲကျင်းပသည့် (၆) ကြိမ်မြောက် ရုရှား-အာဆီယံ Dialo-gue on ICT Security Related Issues ဆွေးနွေးပွဲသို့ အာဆီယံကိုယ်စားပြု၍ မြန်မာနိုင်ငံမှ ပူးတွဲဥက္ကဋ္ဌအဖြစ်တက်ရောက်ဆွေးနွေးခဲ့ပြီး e-Governance Knowledge Sharing စားပွဲဝိုင်းဆွေးနွေးပွဲ အစီအစဉ်တွင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးသည်။

အလားတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆက်သွယ်ရေးနှင့် မီဒီယာဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Alexander Shoitov နှင့်တွေ့ဆုံ၍ Digital Government စနစ်များ၊ Cyber Security ဆိုင်ရာကိစ္စရပ်များ၊ လိုအပ်သော Human Reso-urce Development ဆိုင်ရာ Technology Training ကိစ္စရပ်များစသည့် ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကိုလည်း ဆွေးနွေးခဲ့သည်။



အဆိုပါ ကမ္ဘာ့ဒီဂျစ်တယ်ဖိုရမ်သို့ နိုင်ငံပေါင်း ၁၀၀ ကျော်၊ သတင်းအချက်အလက်နည်းပညာရှင် ၁၀၀၀ ကျော်နှင့် ထိပ်တန်းနည်းပညာကုမ္ပဏီ ၅၀ ကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ တမံပေါင်လျော့ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

**နေပြည်တော် အောက်တိုဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်မှာ တမံ အလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှ မြေသား ၂၇ ပေခန့်အထိ လျော့ကျခဲ့သည့်အတွက် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိပြီး တမံအနီးရှိ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မမြရေလှောင်တမံသည် ၂၀၂၆ ခုနှစ် အောက်တိုဘာ ၇ ရက်မှစတင်၍ အလျား ပေ ၅၀ ခန့်၊ အနံ ၄ ပေခွဲခန့်၊ မြေသား ၈ လက်မခန့် နိမ့်ကျခဲ့သည့်အတွက် အဆိုပါနေရာအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်စဉ် အောက်တိုဘာ ၉ ရက် ည ၉ နာရီ မိနစ် ၃၀ ခန့်တွင် တမံပေတိုင် ၉၉၀၀ နှင့် ၁၀၀၀၀ အကြား၊ ဆည်ပေါင်ကားလမ်း၏ အလျားပေ ၂၀၀ ခန့်၊ အကျယ် ၂၄ ပေခန့်မှ ရေလှောင်ကန်ဘက်ခြမ်း ၆ ပေခန့်မှာ မူလအတိုင်းတည်ရှိပြီး အပြင်ဘက်ခြမ်း ၁၈ ပေသည် ၃ ပေခွဲခန့် ထပ်မံနိမ့်ကျခဲ့ကြောင်း၊ အောက်တိုဘာ ၁၀ ရက် နံနက် ၆ နာရီမိနစ် ၃၀ ခန့်တွင် ၎င်းနေရာမှပင် အလျား ပေ ၂၅၀၊ အနံ ၁၀ ပေခန့်မှထပ်မံ၍ ယခင်နိမ့်ကျခဲ့သည့် ပမာဏအပါအဝင် ၂၇ ပေခန့် ထပ်မံနိမ့်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။



ထို့ကြောင့် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေအား နိမ့်မြင့်အမှတ် ၃၀၅ ပေသို့ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့အောက်တိုဘာ ၁၂ ရက် ညနေပိုင်းတွင် တမံရှိရေ ၃၁၁ ဒသမ ၄၀ ပေသာ ကျန်ရှိတော့သဖြင့် ၃ ပေ ၈ လက်မခန့် လျော့နည်းသွားကြောင်း သိရှိရသည်။

ထို့အပြင် တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းအပြင် ရေလှောင်တမံဆင်ခြေလျှော နိမ့်ကျမှုဖြစ်ပွားသည့် နေရာအနီးနှင့် ဆည်ရေဝင်ရောက်နိုင်သည့် မြန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်စု၊ ကျေးရွာ ၃၀၊ အင်္ဂပူမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ခြောက်စု၊ ကျေးရွာ ၂၀ စုစုပေါင်း ကျေးရွာအုပ်စု ၁၂ စုရှိ ကျေးရွာ ၅၀ မှ ဒေသခံပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေး စခန်းများ၊ ကုန်းမြင့်နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လာရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၂** သမိုင်းစဉ်ကာလတစ်လျှောက်တွင် နိုင်ငံ့ဂုဏ်တင့်စေရန် အားထုတ်ကြိုးပမ်းမြှင့်တင်ပေးခဲ့ကြသည့် ရှေးမြန်မာမင်းများ၊ ခေတ်အဆက်ဆက်ပေါ်ထွက်ခဲ့ကြသည့် သူရဲကောင်းများ၊ သူ့ကျွန်မခံတွန်းလှန်ခဲ့ကြသည့် မျိုးချစ်ခေါင်းဆောင်ကြီးများ၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာ စွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှတစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျောင်းသားကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၂၁) အခြေခံပညာအထက်တန်းကျောင်း (ရွာသစ်ကလေး)၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မင်္ဂလာဒီပနှင့် အခြေခံပညာအလယ်တန်းကျောင်း (ပုဇွန်ဆိပ်) တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ ရောက်ရှိကြပြီး တပ်မတော် (လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော် (ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များကို ပေးဝေခဲ့ကြသည်။

ထို့နောက် ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသားကျောင်းသူများနှင့် ဆရာဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသားကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**

## ဒေးဒရဲမြို့နယ် ကျုံဖဲအရှေ့ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဒေးဒရဲ အောက်တိုဘာ ၁၂** ဒေးဒရဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၂၀၂၆-၂၀၂၇) ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် လေးအိမ်တန်း ကျေးရွာအုပ်စု ကျုံဖဲအရှေ့ကျေးရွာ၌ လမ်းအရှည် ၇၃၅ ပေ၊ လမ်းအကျယ် လေးပေ၊ အမြင့် ခြောက်လက်မဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၀ ရက်က ဖျာပုံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထက်အောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ကျုံဖဲအရှေ့ကျေးရွာ ကျေးရွာတွင်း ကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းမှ ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုဖြင့် ကျေးရွာသူကျေးရွာသားများက ၂၀၂၆ ခုနှစ် ဩဂုတ်လ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းများ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**

## ဖျာပုံမြို့ မြို့မဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဖျာပုံ အောက်တိုဘာ ၁၂** ဧရာဝတီတိုင်း ဒေသကြီး ဖျာပုံမြို့နယ်၌ စူပါအယ်လ်နီညို၏ အပူရှိန်ကြောင့် မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး၌ မီးဘေးလုံခြုံရေးနှင့်မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က ဆောင်ရွက်ရာ ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနရုံးမှ ခရိုင် မီးသတ်ဦးစီးမှူး ဦးဇော်မင်းဦး ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဆီလျှံနေသော ဒယ်အိုးမီးလောင်မှုအား အောက်ဆီဂျင်ဖြတ်တောက် မီးငြိမ်းသတ်နည်း၊ Gas မီးလောင်မှုအား ငြိမ်းသတ်နည်း၊ ဆီမီးလောင်မှုအား မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်နည်း၊ အဆောက်အအုံ မီးလောင်မှုအား မီးငြိမ်းသတ်ယာဉ် အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။



အဆိုပါ လက်တွေ့သရုပ်ပြ လေ့ကျင့်နေမှုကို ဖျာပုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ မြို့မဈေး တာဝန်ခံများနှင့် ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အဆိုပါဖလားမှာ ဒါဘောစကီးနှင့် လူစီယာ စတက်ဖနီ အတွဲအတွက် ယခုနှစ်အတွင်း ငါးကြိမ်မြောက် ဆွတ်ခူးရရှိသော ဖလားဖြစ်သည်။ ထို့ပြင် ဒါဘောစကီးအတွက် ၎င်း၏ တင်းနစ်ကစားသမားဘဝတစ်လျှောက် (၂၅)ကြိမ်မြောက် နှစ်ယောက်တွဲဆွတ်ခူးနိုင်သည့် ဖလားဖြစ်ပြီး တွဲဖက်စတက်ဖနီအတွက် တင်းနစ်ကစားသမားဘဝ (၁၈) ကြိမ်မြောက် နှစ်ယောက်တွဲဆွတ်ခူးရရှိခဲ့သော ဖလားဖြစ်သည်။ ယင်းဗိုလ်လုပွဲစဉ်မှာ ၅၉ မိနစ်သာ ကြာမြင့်ခဲ့ကြောင်း သိရသည်။

ကျန်းရွှေနှင့် ဆီနီယာကိုဗာအတွဲသည် ယခုဗိုလ်လုပွဲစဉ်တွင် ရှုံးနိမ့်ခဲ့သည့်အတွက် ၁၃ ပွဲဆက် နိုင်ပွဲရရှိမှု စံချိန် ရပ်တန့်ခဲ့သည်။ ပေကျင်းဗိုလ်လုပွဲသည် ၎င်းတို့အတူ တွဲဖက်ယှဉ်ပြိုင်သည့် ခြောက်ကြိမ်မြောက် ထိပ်တန်းအဆင့် ပြိုင်ပွဲဖြစ်သည်။ ၎င်းတို့သည် ၂၀၂၄ ကွမ်ကျိုးအိုးပင်းပြိုင်ပွဲတွင် စတင်တွဲဖက်ကစားခဲ့ကြပြီး ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် ၎င်းတို့သည် ယခုနှစ်အတွင်း ကျင်းပခဲ့သည့် အက်ဒီလိတ်နှင့် တိုရွန်တိုပြိုင်ပွဲတို့တွင် နောက်ထပ် ချန်ပီယံဆုနှစ်ကြိမ် ဆွတ်ခူးရရှိထားသည်။

**အောင်ဇော်**

**သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး။**

---

### အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း အကြောင်းကြားစာ
### (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃)
### သန်လျင်ခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ် ၊ တရားမအထွေထွေမှုအမှတ် - ၅၃

ကွယ်လွန်သူ ဒေါ်ကျင်အေး ၌ ကျန်ရစ်သောပစ္စည်းအကြောင်း။

ဦးမြသန်း လျှောက်ထားသူ။

ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ် ၊ ဖားကူးအနောက်ကျေးရွာနေ ဦးမြသန်း က ကွယ်လွန်သူ ဒေါ်ကျင်အေး ၏ခင်ပွန်းဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး ၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဖားကူးအနောက်ကျေးရွာန၊ ၎င်းကွယ်လွန်သူ ဒေါ်ကျင်အေး မှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်း အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါ်ကျင်အေးမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၂၆ ခုနှစ် ၊ အောက်တိုဘာလ ၂၀ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်) တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဦးမြသန်း၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့်မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကေသီခိုင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
သန်လျင်ခရိုင်တရားရုံး

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 18W/53088 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 83W/67789 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီသီခိုင် ၇/ရတရ(နိုင်)၁၆၁၉၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/5055 ယာဉ်လက်ဝယ်ရှိသူ ဦးဂိုရ်ခါး ၇/ဖမန (နိုင်) ၁၁၀၆၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

### ဦးမြင့်သောင်း၊ မနှင်းယုဝေ၊ မချစ်ဖူးခင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်မိုမို နှင့် အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျွဲရဲတောင်ရွာ၊ ရွာလယ်လမ်းရှိ အရှေ့လားသော်- ဦးဇော်ထွန်း နေအိမ်၊ အနောက်လားသော်- ဦးဆယ်ကျော် နေအိမ်၊ တောင်လားသော်- ရွာလယ်လမ်း၊ မြောက်လားသော်-ဦးသိန်းမြင့် နေအိမ်၊ အလျားတောင်မြောက် (၇၇)ပေ၊ အနံ အရှေ့အနောက် မျက်နှာစာ ပေ(၃၀)ရှိ ဝင်းမြေနှင့် နေအိမ်မှာ ဦးမောင်ဥ+ဒေါ်အေးခင်တို့ လင်မယားပိုင်ဆိုင်နေထိုင်ခဲ့သော ဝင်းမြေကွက်နှင့် နေအိမ် ဖြစ်ပါသည်။ ဦးမောင်ဥ+ဒေါ်အေးခင် တို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ သားသမီးများဖြစ်သော (၁) ဒေါ်အေးသန်း၊ (၂) ဦးလှထွန်း၊ (၃) ဦးကြည်လင်၊ (၄) ဦးညွန့်မင်း၊ (၅) ဒေါ်စောစောမူ၊ (၆) ဒေါ်အေးအေး ဟူ၍ မွေးဖွားခဲ့သော သားသမီးများမှ အမွေခွဲဝေခဲ့ခြင်း မရှိဘဲ အမွေဆိုင် အဖြစ် ရှိနေသော ဝင်းမြေကွက်နှင့် နေအိမ်ဖြစ်ပါသည်။

ထိုဝင်းမြေကွက်နှင့် နေအိမ်အား ဒေါ်အေးအေး ၏သားသမီးများဖြစ်သော မနှင်းယုဝေ၊ မချစ်ဖူးခင် နှင့် ဒေါ်အေးအေး ၏ခင်ပွန်းဖြစ်သော ဦးမြင့်သောင်း တို့မှ ကျွဲရဲတောင်ရွာတွင် နေထိုင်သော ဒေါ်ခင်ဝင်း နှင့် ဒေါ်မိုမို တို့ သားအမိထံ ရောင်းချရန် သဘောတူညီပြီး စရန်ငွေရယူထားကြောင်း သိရှိရပါသည်။ အဆိုပါ နေအိမ်ဝင်းမြေမှာ အမွေဆိုင်ဝင်းမြေကွက်ဖြစ်၍ ဦးမြင့်သောင်း၊ မနှင်းယုဝေ၊ မချစ်ဖူးခင် တို့မှ ဒေါ်ခင်ဝင်း၊ ဒေါ်မိုမို တို့ထံ ရောင်းချရန်အတွက် စရန်ငွေရယူထားခြင်းမှာ အတည်မဖြစ်ပါကြောင်းနှင့် ထိုဝင်းမြေကွက်နှင့် နေအိမ်မှာ အမွေဆိုင်ဖြစ်၍ အမွေဆိုင်များ၏ သဘောတူညီချက်မရဘဲ မည်သူ တစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်းခြင်းများ ပြုလုပ်ပါက အတည်မဖြစ်ပါကြောင်းနှင့် ထပ်မံပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ဦးမြင့်သောင်း၊ မနှင်းယုဝေ၊ မချစ်ဖူးခင်၊ ဒေါ်ခင်ဝင်း၊ ဒေါ်မိုမိုနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်လင် (ဘ) ဦးမောင်ဥ (၅/မရန (နိုင်)၂၁၃၆၆၉ နှင့် ဒေါ်စောစောမူ (ဘ) ဦးမောင်ဥ (၅/မရန(နိုင်)၀၀၆၈၉၅)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

| | | |
|---|---|---|
| ဦးကျော်ဇေယျာဦး | ဦးဗိုလ်ငြိမ်းတိုး | ဦးဝင်းဦး |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |
| (စဉ်-၉၂၇၅/၂၀၁၃) | (စဉ်-၅၃၇၇၉/၂၀၂၀) | (စဉ်-၅၅၇၈၈/၂၀၂၃) |

သီရိလမ်း၊ ကန်သာဦးရပ်၊ မုံရွာမြို့၊
ဖုန်း-၀၉-၄၃၁၄၆၇၉၀၊ ၀၉-၉၇၆၄၆၆၈၈၃၊ ၀၉-၉၇၅၉၆၄၁၁၅

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/5761 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထွေးကြည် ၇/တငန(နိုင်)၀၄၇၄၁၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(တောင်ငူ)

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
# အကောက်ခွန်ဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်
## (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင် ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူး ကျား (၄၅) နေရာ၊ မ (၂၀) နေရာ၊ စုစုပေါင်း (၆၅) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါ ရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၉-၂၀၂၆ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၈)နှစ်ထက် မကျော်လွန်သူ နှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပုံစံ(၁၂) လက်မှတ်ရရှိသူများဖြစ်ပါက အသက် (၃၁)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ မဟာဘွဲ့ရရှိသူများသည် အသက် (၃၀)နှစ်ထက် မကျော်လွန်သူနှင့် ပြည်သူ့စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပုံစံ(၁၂) လက်မှတ်ရရှိပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အသက် (၃၃)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅"၊ ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂"၊ ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဆ) အောက်ပါဘာသာရပ်များဖြင့် နိုင်ငံတော်အစိုးရအသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့၊ မဟာဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) [B.A(English)]၊ မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) [M.A (English)]

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ [B.A(EPP)]၊ လုပ်ငန်းသုံးအင်္ဂလိပ်စာမဟာဘွဲ့ [M.A (EPP)]

(၃) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc)၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc)၊ ကွန်ပျူတာ နည်းပညာဘွဲ့ (B.C.Tech)၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)၊ သိပ္ပံဘွဲ့(ကွန်ပျူတာသိပ္ပံ) [B.Sc(Computer Science)]၊ မဟာသိပ္ပံဘွဲ့ (ကွန်ပျူတာ သိပ္ပံ) [M.Sc (Computer Science)]

(၄) ဥပဒေဘွဲ့ (LL.B)၊ မဟာဥပဒေဘွဲ့ (LL.M)

(၅) ဝါဏိဇ္ဇဗေဒပညာဘွဲ့ (B.Com)၊ ဝါဏိဇ္ဇဗေဒပညာမဟာဘွဲ့ (M.Com)/ ဘောဂဗေဒပညာဘွဲ့ [B.Econ (Eco)]၊ ဘောဂဗေဒပညာမဟာဘွဲ့ [M.Econ(Eco)]/ စာရင်းအင်းပညာဘွဲ့ [B.Econ.(Stats)]၊ စာရင်းအင်းပညာမဟာဘွဲ့ [M.Econ.(stats)]/ စာရင်းကိုင်ပညာဘွဲ့ (B.Act)၊ စာရင်းကိုင်ပညာမဟာဘွဲ့ (M.Act)/ ဖွံ့ဖြိုးတိုးတက်မှုပညာဘွဲ့ (B.DevS)၊ ဖွံ့ဖြိုးတိုးတက်မှုပညာမဟာဘွဲ့ (M.DevS)/ စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့ (BBA)၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MBA)/ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့ (BPA)၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့ (MPA)

မြိတ်မြို့၊ နောက်လယ်ရပ်ကွက် ၊ အကွက်အမှတ်(၂၇)၊ အကွက်အမည် နောက်လယ်ကွင်း၊ ဦးပိုင်အမှတ်(၃၅၄) ၊ ဧရိယာ ၀ဒသမ ၀၃၀ ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဦးထိန်လင်းပါ(၄)ဦးတို့မှ လျှောက်ထားလာသည့်အတွက် ၎င်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ(၁) ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## အများသိစေရန် ကြေညာခြင်း

ပုလောမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(I)၊ အကွက်အမည်-ကျောက်မှော်မြောက်၊ ဦးပိုင် အမှတ်(၅၃)၊ ဧရိယာ(၀.၀၃၁)ဧကကို ဘိုးဘပိုင် အမည်ပြောင်းပေးရန် ဒေါ်ဇင်မာချိုမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက် လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၄) ရက် မတိုင်မီ ဆိုင်ရာစာရွက် စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုလောမြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၄၃၃၉၇၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန ၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

အင်္ဂပူမြို့နယ်၊ စစ်ကုန်းကျေးရွာအုပ်စု၊ ကျွန်းကြီးကျေးရွာနေ (ဘ) ဦးသန်းဆင့်၏ သမီးဖြစ်သူ မချိုချိုဝင်းနှင့် ဒေါ်ခင်မာချို ၁၄/အဂပ(နိုင်) ၁၄၈၁၃၅ တို့မှာ တစ်ဦးတည်းဖြစ်ပါ ကြောင်း။

**မချိုချိုဝင်း(ခ)ဒေါ်ခင်မာချို**

## အမည်မှန်နှင့်ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ဝေဒီရွာနေ အမက(မူလွန်) မြောင်းပုလဲ Grade-4 မှ မခင်ဇူလိုင်မိုး၏ အမည်မှန်မှာ မခိုင်ရတနာမိုးဖြစ်ပြီး ဖခင်ဦးအောင်မျိုးထွန်း ၏ အမည်မှန်မှာ ဦးဇော်နိုင်ထွန်း ၇/ပခန(နိုင်)၂၅၃၅၈၉ ဖြစ်ပါကြောင်း။ **ဦးဇော်နိုင်ထွန်း**

## ၂၅-၁-၂၀၂၆ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍ စာမျက်နှာ-၂၁ ပါ "(၁၄-၁-၂၀၂၆) ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၃ တွင်ပါရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြကျေးရွာ၊ ကျွန်းရွှေဝါလမ်းသွယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၅၂၉/ဘီ) အကျယ်အဝန်း (၁) ဧကခန့်ရှိ ဥယျာဉ်ခြံမြေကွက်၊ နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ပါကြောင်း ဦးကျော်တင့် ၁၂/အလန (နိုင်)၀၀၈၃၁၈ နှင့် အများသိစေရန် ကြေညာခြင်း" အား ပြန်လည်ရုပ်သိမ်းခြင်း

ယခုအခါ အမွေဆိုင်မောင်နှမများအကြား ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပြီး ဖြစ်ပါသောကြောင့် ဦးကျော်တင့် ၁၂/အလန(နိုင်) ၀၀၈၃၁၈နှင့် အများသိစေရန် ကြေညာချက်အား ဒေါ်ဒန်း ၈/ပပန(နိုင်)၀၃၇၆၇၀ မှ ပြန်လည်ရုပ်သိမ်း ပါကြောင်း။

| | |
|---|---|
| လွှဲအပ်သူ- | လွှဲအပ်ချက်အရ- |
| ဒေါ်ဒန်း | ဒေါ်ခင်ခင်ဆု(LL.B) |
| ၈/ပပန(နိုင်) ၀၃၇၆၇၀ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၆၇) |

**အမှတ်(၂၆၅)၊ စံပြ(၃)လမ်း၊ ယမုံနာ(၂)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၂၅၄၃၁၈၂၉၈၊ ၀၉-၇၉၄၃၁၈၂၉၈**

## ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ (၆)လမ်း၊ တိုက်အမှတ် (၃၄၉)၊ နှစ်ခန်းတွဲ ၆ထပ်တိုက်၏ ပဉ္စမထပ် (ခေါင်းရင်းခန်း)၊ အလျား (၁၁ ပေခွဲ) x အနံ (၄၇ ပေ) ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အဆိုပါတိုက်ခန်းအား အရပ်စာချုပ်အဆက်စပ်ဖြင့် တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ

၁။ ဦးတင်မိုးအောင် (ဘ) ဦးဌေးနိုင် ၁၂/မရက (နိုင်) ၁၃၁၅၂၅
၂။ ဒေါ်နီနီလွင် (ဘ) ဦးတိုင်းချစ် ၈/စလန(နိုင်) ၀၈၇၈၂၈ မှ

အဆိုပါတိုက်ခန်းအား ကာလတန်ဖိုးနှင့်အညီ ရောင်းချရန် ကမ်း လှမ်းရာ ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက် အတွင်း တိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားသည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဒေါ်သီရိကိုကို**
**တိုက်အမှတ် ၁၄ ၊ အောင်ဇေယျ (၄)လမ်း ၊ ရန်ကုန်သစ်ရပ်ကွက်၊**
**သုဝဏ္ဏမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၄၆၅၁၀၀၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၃)ရပ်ကွက်၊ ယင်းမာလမ်း၊ အမှတ် (၁၉၆/၁) ၅လွှာ၊ အလျား ၁၃.၅ပေxအနံ ၄၉ပေ ရှိ အခန်းအမှတ် ၅(အေ) ကို ပိုင်ရှင်ဖြစ်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိစဉ် ရောင်းချခြင်းဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသူ ဒေါ်မြတ်ထိပ်တင် ၁၂/ဒဂမ(နိုင်)၀၂၀၀၇၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးအောင်ကျော်မိုး (၁၂/ဥကတ (နိုင်)၀၀၄၅၅၆) က ဝယ်ယူရန် စရန်ငွေ ပေးချေထားပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြေညာ ပါသည့် ရက်မှ (၁၄)ရက်အတွင်းခိုင်လုံသော အထောက်အထားစာချုပ်မူရင်းပြသ၍ ကျွန်ုပ်တို့ထံ ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက် တင်ပြမှုမရှိပါက သတ်မှတ်ရက်ကျော်လွန်လျှင်အရောင်းအဝယ်ကိုပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- | |
| ဦးအောင်ကျော်မိုး | ဒေါ်အေမီသက် LL.B | ဦးကျော်ဆန်းနိုင် |
| ၁၂/ဥကတ(နိုင်)၀၀၄၅၅၆ | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၉၁) ဖုန်း - ၀၉၄၄၃၁၈၆၈၂၄ | B.A (Law), LL.B, D.B.L, D.M.L, D.I.L, D.A.PSY, Dip in English, M.A (Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၉) ဖုန်း- ၀၉- ၅၁၆၃၅၄၂ |

**တိုက်အမှတ် (၉/၁၁)၊ အခန်းအမှတ်-၀၀၄ ၊ မြေညီ၊ ၃၆ (အောက်)လမ်း၊**
**ကျောက်တံတားမြို့နယ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## အကောက်ခွန်ဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်
## (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်)

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အကောက်ခွန်ထိန်း (လစာနှုန်း ကျပ် ၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) ရာထူး (၃၀) နေရာအတွက် လျှောက်လွှာခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်း လက်ခံမည်မဟုတ်ပါ။

၃။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(ဂ) ၃၀-၉-၂၀၂၆ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူနှင့် ပြည်သူ့စစ်မှုထမ်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီး ပုံစံ(၁၂) ရရှိပြီး သတ်မှတ်ချက်များနှင့်ကိုက်ညီပါက အသက်(၂၈)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အမျိုးသားများသာ လျှောက်ထားနိုင်သည်။
(င) အခြေခံပညာအထက်တန်းအဆင့်ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပူးတွဲတင်ပြရမည်-

(က) ကိုယ်ရေးလျှောက်လွှာ
(ခ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်
(ဂ) အသက်အထောက်အထားအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/ မိတ္တူ
(ဃ) ပညာအရည်အချင်းအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် (သို့မဟုတ်) အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်လက်မှတ် မူရင်း/ မိတ္တူ
(င) (၂) လအတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂" x ၁.၄") ဓာတ်ပုံ (၂)ပုံ (ဓာတ်ပုံ ကျောဘက်တွင် အမည်နှင့် နိုင်ငံသား စိစစ်ရေးအမှတ်ရေးသားရန်)
(စ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံချက်
(ဆ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်
(ဇ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ်(၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်) (သက်တမ်းတိုးပြီး)

၅။ မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်ပါသည်။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာပုံစံများအား အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page (MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင်လာရောက်ရယူလိုပါက ၉-၁၁-၂၀၂၆ ရက်နေ့မှ ၁၃-၁၁-၂၀၂၆ ရက်နေ့အထိ အစိုးရရုံး ဖွင့်ရက်များတွင် အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်းနှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန်သင်တန်းကျောင်း**) တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၇။ လျှောက်လွှာများလက်ခံရာ၌ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်ရုံး၊ အမှတ် (၇) နယ်မြေ၊ ကျောက်တံတားမြို့နယ်မှ ပေးပို့လာသည့် အလလခ (ပုံစံ - ၆) တွင် အမည်စာရင်း ပါရှိသူများ၏ လျှောက်လွှာများကိုသာ ၁၆-၁၁-၂၀၂၆ ရက်နေ့မှ ၂၀-၁၁-၂၀၂၆ ရက်နေ့အထိ ရန်ကုန်မြို့(အကောက်ခွန်သင်တန်းကျောင်း)တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်းအထောက်အထားများနှင့်အတူ **လူကိုယ်တိုင်** လာရောက်လျှောက်ထားမှုများအား လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၈။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားမည်မဟုတ်ပါ။

၉။ ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းနှင့် ဖြေဆိုမည့် ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)** ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် ၅၀ လမ်းကြား၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန်သင်တန်းကျောင်း**) ကြော်ငြာသင်ပုန်းနှင့် အကောက်ခွန် ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၁၀။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)နှင့်အတူ လျှောက်လွှာလက်ခံဖြတ်ပိုင်းအား တစ်ပါတည်း ယူဆောင်လာရမည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀)နှစ် တာဝန်ထမ်းဆောင်ရမည်၊ နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိဝန်ခံချက် ရေးထိုးရမည်ဖြစ်ပြီး ပျက်ကွက်ပါက လျော်ကြေးငွေကျပ် ၁၈ သိန်း (ကျပ်တစ်ဆယ့်ရှစ်သိန်းတိတိ) ကို တစ်လုံးတစ်ခဲတည်း ပေးလျော်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ လူတွေ့စစ်ဆေးချိန်တွင် လျှောက်ထားသည့်ရာထူးအတွက် တင်ပြရန်လိုအပ်သော မူရင်းလက်မှတ်များဖြစ်သည့် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်နှင့် အခြေခံပညာ အလယ်တန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာကျောင်း၏ ထောက်ခံချက်များ၊ နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားတို့ကို တင်ပြရမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အကောက်ခွန် ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ဖုန်း- ၀၉- ၇၇၀၅၃၆၂၈၈ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**

---

## အများသိရှိစေရန် ကြေညာခြင်း

လှိုင်ကော်မြို့၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၄၅/မင်္ဂလာတောင်ပိုင်း)၊ ဦးပိုင်အမှတ်(၆၀)၊ မြေကွက်အမှတ်(70)၊ မြေဧရိယာ(၀ဒသမ၁၂၇)ဧကရှိမြေသည် မြေခွန်တော်အမှုတွဲအမှတ်(၄၄/၁၉၈၂-၁၉၈၃)အရ ဒေါ်ခင်အောင် အမည်ဖြင့် နှစ်ရှည်မြေငှားဂရန်ကို (၁-၁၀-၁၉၈၅)မှ (၃၀-၉-၂၀၁၅)ထိ ခွင့်ပြုချထားပေးခဲ့ပြီး ဒေါ်ခင်အောင်သည် (၂၀၀၉) ခုနှစ်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးတင်သည် (၁၉၉၃) ခုနှစ်တွင်လည်းကောင်း ကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ဦးတင် - ဒေါ်ခင်အောင် တို့တွင် သားသမီး (၇) ဦး ထွန်းကားခဲ့ရာ ဦးတင်ဇော်နိုင်သည် (၂၀၀၇)တွင်လည်းကောင်း၊ ဦးတင်ဇော်မင်းသည် (၁၉၉၇) တွင်လည်းကောင်း အိမ်ထောင်မရှိ၊ လူပျိုလူလွတ်ဘဝဖြင့် ကွယ်လွန်သွားခဲ့ကြပြီဖြစ်ပါ၍ လက်ရှိ (၁) ဒေါ်ခင်တင်ဦး ၂/လကန(နိုင်)၀၂၁၈၂၁၊ (၂) ဦးဇော်ထွန်း ၂/လကန(နိုင်)၀၁၉၆၃၃၊ (၃) ဒေါ်ခင်တင်ဝင်း ၂/လကန(နိုင်)၀၁၉၂၄၀၊ (၄) ဦးအောင်ဇော်မိုး ၂/လကန(နိုင်)၀၁၄၀၁၄၊ (၅)ဒေါ်ခင်တင်စိုး ၂/လကန(နိုင်)၀၁၉၂၃၉ တို့မှ ဖော်ပြပါမြေကွက်အား "အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းစာချုပ်" စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၀၄၄/၂၀၂၆) အရ မှတ်ပုံတင်ချုပ်ဆိုခြင်း ဆောင်ရွက်ပြီး မြေငှားဂရန်ရရှိရေး လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှ စတင်၍ (၂၁) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့် အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**လှိုင်ကော်ခရိုင် - လှိုင်ကော်မြို့**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်းအထက်၊ အမှတ် (၆၀)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂) ခန်းတွဲ (၆) ထပ်တိုက်၏ ၃-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေ x ၅၀ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးပါ (ခ) ဦးဝင်းလွင် (၇/အတန(နိုင်) ၀၆၃၀၀၂) နှင့် ဒေါ်ကျင်ရီ ၇/အတန(နိုင်)၀၅၇၀၈၆ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သွယ်သွယ်ခိုင် (၁၄/ကလန(နိုင်)၀၀၀၁၇၈) မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစောကျော်စွာထွဋ် (LL.B) (စဥ်- ၁၃၀၀၁)၊ တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၉/၁၁)၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၄၄၀၆၅၅၇၃၈**

---

## အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်ကျေးရွာ၊ (အထက) Grade-10 မှ မမြရတနာထွန်းအား မမြတ်ရတနာထွန်း ဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးမင်းလွင် (ကွယ်လွန်) ဖြစ်ပါသည်။

**မမြတ်ရတနာထွန်း**

---

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့နယ်၊ အထက(ခွဲ) (ဘုရားငူ) Grade-12 မှ မရတနာခင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းဝင်း ၁၄/ရကန (နိုင်) ၀၃၄၆၀၆ ဖြစ်ပါသည်။

**ဦးဆန်းဝင်း**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ ဗဟိုလမ်း၊ အိမ်အမှတ် (၅၄) နေ ဦးမျိုးအောင်-ဒေါ်သီတာ(မင်းထက်သာ ပင်မင်းဆိုင်) တို့၏ သမီးငယ် မအိအိသူ (၁၂/မရက(နိုင်)၁၆၅၄၀၉) သည် မိဘ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် မအိအိသူနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်းများ၊ လူမှုရေးအရှုပ်အရှင်းများနှင့် အခြားမည့်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်တော့ပါကြောင်း မအိအိသူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးမျိုးအောင် (၁၂/မရက(နိုင်)၀၂၉၅၄၇)**
**ဒေါ်သီတာ (၁၂/မရက(နိုင်)၀၀၇၈၈၀)**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၊ ဟိုနမ့်ကျေးရွာ၊ ဟိုပုံးရေထွက်အနီး၊ တောင်ကြီး-လွိုင်လင်ပြည်ထောင်စုလမ်းမကြီးဘေးတွင် ( ၁၉၉၅ ) ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့သော " ဖွားကောင်းစံ " စားသောက်ဆိုင်သည် ယနေ့အချိန်ထိ " ဖွားကောင်းစံ " အမည်ဖြင့်သာဆက်လက်ဖွင့်လှစ်လျက်ရှိပြီး မည်သူတစ်ဦးတစ်ယောက်နှင့်မျှ အစုအစပ်လုပ်ငန်း အကျိုးတူဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ဆိုင်ခွဲ (လုံးဝ) မရှိကြောင်း အတိအလင်း ကြေညာအပ်ပါသည်။ အထက်ဖော်ပြပါ " ဖွားကောင်းစံ စားသောက်ဆိုင်သည် ဖွားကောင်းစံ၏ မြေးဖြစ်သူ ကျွန်ုပ်မိတ်ဆွေဒေါ်မြင့်မြတ်စံ ၁၃/ဟပန(နိုင်)၁၂၀၃၇၆ တစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ပြီး ၎င်း၏ကိုယ်ပိုင်စီမံခန့်ခွဲမှုဖြင့် အုပ်ချုပ်လုပ်ကိုင်နေသည့် စားသောက်ဆိုင်ဖြစ်ပါသည်။ အဆိုပါ စားသောက်ဆိုင်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်မှ လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ကျွန်ုပ်မိတ်ဆွေ၏ ခွင့်ပြုချက်မရဘဲ Facebook, Viber, Tiktok, Messenger, Youtube အစရှိသော Online Applications များတွင် ဂုဏ်သိက္ခာညှိုးနွမ်းကျဆင်းစေမည့် စကားလုံးများကို အထင်အမြင်လွဲမှားစေသော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ တမင်တကာ နှောင့်ယှက်ခြင်း၊ မဟုတ်မမှန် ငွေကြေးကိစ္စများ အပေးအယူဆောင်ရွက်ခြင်းနှင့် အခြားသူများအကြား အထင်အမြင် မှားယွင်းစေမည့် လုပ်ဆောင်ခြင်းများကို မပြုလုပ်ရန် ကြိုတင်အသိပေးခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ အထက်ပါအတိုင်း ပြုလုပ်ဆောင်ရွက်ကြခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိဘဲ ပြုလုပ်ခဲ့ပါက ၎င်းပြုလုပ်သူ ( သို့မဟုတ် ) ပါဝင်ပတ်သက်သူများအား ကျွန်ုပ်မိတ်ဆွေ၏ ဂုဏ်သိက္ခာနှင့် လုပ်ငန်းကို ကာကွယ်သည့်အနေဖြင့် တည်ဆဲဥပဒေများအရ ထိရောက်စွာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြတ်စံ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းမင်းမင်းအောင် (LL.B, LL.M, D.B.L)**
**အထက်တန်းရှေ့နေ (စဥ်-၅၆၉၉၈)**
**ရတနာထွန်းလမ်း၊ ဖရဲ၊ နယ်မြေ(၁၂)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၉-၆၈၈၄၈၉၉၆၆**

---

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
| --- | --- | --- |
| ၁ | ၃၄၄/မမ/CE | Grooved Rubber Pad (China) (627,600) Nos ဝယ်ယူရန် |
| ၂ | ၃၄၅/မမ/CE | High Tension Bolt & Nut (Ø 24 mm x 125 mm) (89,830) Nos ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၈.၁၀.၂၀၂၆) နေ့လည် (၂:၃၀) နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် (၁၃.၁၀.၂၀၂၆) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

---

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၄)စုံခေါင်း မြောက်ကွင်း၊ မြေကွက်အမှတ်(၁၂၈)၊ မြေဧရိယာသုည ဒသမ ၁၁၀ ဧကအား မြေငှားဂရန်အမှုတွဲအမှတ် ၃၀၃/၁၉၉၉-၂၀၀၀ အရ ဦးဝင်းအောင်၊ ဒေါ်ဆွေဆွေ တို့အမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူတို့၏ အထူးကိုယ်စားလှယ်ရရှိသူ ဒေါ်အုန်းမြင့် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၇၁/၂၀၁၄) ဖြင့် ဦးခင်မောင်ဝင်းချို၊ ဒေါ်အေးအေးမူတို့မှလည်းကောင်း၊ ဦးခင်မောင်ဝင်းချို၊ ဒေါ်အေးအေးမူ တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၀၈၃/၂၀၂၆)ဖြင့် ဦးမြတ်ဇော်၊ ဒေါ်ခင်မာသီ တို့မှ ဝယ်ယူပိုင်ဆိုင် ခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဦးမြတ်ဇော်၊ ၆/သရခ(နိုင်)၀၅၂၈၁၃၊ ဒေါ်ခင်မာသီ၊ ၆/မမန(နိုင်)၁၂၉၀၃၂ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၃၀) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြိတ်မြို့**

---

## အမည်ပြောင်းလဲခေါ်ဆိုပါရန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်၊ အမှတ် (၆) ရပ်ကွက်နေ (ဘ) ဦးသိန်းထိုက် ၁၄/ပသန(ဧည့်)၀၀၀၀၈၇ ၏သမီး မသံချိုသင်း အား ယနေ့မှစ၍ မသိမ့်သိမ့်အေး(ခ) မသံချိုသင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

---

## ဖခင်အမည်မှန်

အထက(၁) ပုလော၊ Grade-7(B) မှ မပိုးဂျူးဂျူးအောင် ၏ ဖခင် ဦးဆန်းမင်းအောင် ၏ အမည်မှန်မှာ ဦးစန်းမင်းအောင် ၇/သနပ(နိုင်)၁၄၇၈၇၆ ဖြစ်ပါကြောင်း။

**ဦးစန်းမင်းအောင်**

---

## ဖခင်အမည်မှန်

မကွေးမြို့၊ အစိုးရနည်းပညာအထက်တန်းကျောင်း၊ ပထမနှစ်မှ မနှင်းဝတ်ရည်ကျော်၏ဖခင် ဦးဝဏ္ဏ ၏ အမည်မှန်မှာ ဦးကျော်ဝဏ္ဏ ၈/မကန(နိုင်)၁၉၃၄၆၅ ဖြစ်ပါကြောင်း။

**ဦးကျော်ဝဏ္ဏ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၂၇၇၀ Honda Wave 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးသူရနိုင် ၆/မမန (နိုင်)၂၁၈၃၈၂ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၁ယ/၉၀၂၁၂ Honda Click 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးကြည်ဝင်း ၆/မအရ (နိုင်)၀၈၆၉၀၇ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၁ယ/၄၄၀၀ Honda Wave 125 M/C ယာဉ် လက်ဝယ်ရှိသူ ဦးညိုစန်း ၆/မမန (နိုင်)၁၄၀၇၄၁ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြိတ်)**

---

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ဝါးပြားလမ်း၊ နယ်မြေ(၆)၊ (ဝမ/၇၄) နေကြသော ဦးစိုင်းဆောင်ခမ်း(၁၃/ကဟန(နိုင်)၀၂၁၈၂၆)၊ ဒေါ်နန်းလင်းခမ်း(၁၃/ကဟန(နိုင်)၀၂၇၆၃၇)နှင့် ဒေါ်နန်းသိန်းရင်(၁၃/မနန(နိုင်)၀၀၈၀၁၆) တို့သည် တောင်ကြီးမြို့နယ်၊ နောင်လေကျေးရွာအုပ်စု၊ မူယောင်းရွာ၊ အကျယ်အဝန်း- အရှေ့ x အနောက်(၁၉၅ x ၁၈၀)၊ တောင်x မြောက်(၈၀ x ၈၀) မြေကွက်အားမူလ ပိုင်ရှင်ဖြစ်သူထံမှပိုင်ဆိုင်မှုစာချုပ်ဖြင့်(၉-၉-၂၀၂၆) ရက်တွင် ငွေအပြေအကျေပေးချေပြီး ဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ရောင်းချခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ အမည်ပြောင်းဆောင်ရွက်ခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| ဦးစိုင်းဆောင်ခမ်း | ဒေါ်နန်းလင်းခမ်း | ဒေါ်နန်းသိန်းရင် |
| --- | --- | --- |
| ၁၃/ကဟန(နိုင်)၀၂၁၈၂၆ | ၁၃/ကဟန(နိုင်)၀၂၇၆၃၇ | ၁၃/မနန(နိုင်)၀၀၈၀၁၆ |

**ဝမ-၇၄၊ ဝါးပြားလမ်း၊ နယ်မြေ(၆)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/23556 ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၇/ပခန (နိုင်)၀၈၆၄၇၉ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

---

## အများသိရှိစေရန် ကြေညာခြင်း

လှိုင်ကော်မြို့၊ ဒေါနီးကူးရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၈၁/ဒေါနီးကူး (အရှေ့)၊ ဦးပိုင်အမှတ် (၁၄၈+၁၄၉)၊ မြေကွက်အမှတ် (180+181)၊ မြေဧရိယာ (၀.၁၇၃) ဧကရှိမြေသည် လှိုင်ကော်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေခွန်တော်အမှုတွဲအမှတ်(၂၃၇/၂၀၀၀-၂၀၀၁)အရ ဦးမိုးရယ်စိုး (ဘ)ဦးထိုးရယ် ၂/လကန(နိုင်)၀၂၉၁၈၉ အမည်ဖြင့် နှစ်တိုမြေငှားဂရန်ကို (၂၄-၅-၂၀၁၁)မှ (၂၃-၅-၂၀၂၁) ထိ ခွင့်ပြုထားရှိသောမြေနေရာဖြစ်ပြီး မြေငှားဂရန်မူရင်းမှာ အိမ်မီးလောင်ရာတွင် ပါဝင်သွားခဲ့ပါသည်။ အဆိုပါမြေနေရာအား ဦးမိုးရယ်စိုးမှ မြေငှားဂရန်အသစ်ရရှိရေး သက်ဆိုင်ရာဌာနတွင် လျှောက်ထားတင်ပြဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်ရက်မှစတင်၍ (၂၁) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ဦးမိုးရယ်စိုး ၂/လကန(နိုင်)၀၂၉၁၈၉**
**(ဒ/၁၉၁)၊ မနော်ဟရီလမ်း၊ ဒေါနီးကူးရပ်ကွက်၊**
**လှိုင်ကော်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/3175 ယာဉ် လက်ဝယ်ရှိသူဦးတွမ်ပီရိန် ၁၂/ကလထ (နိုင်)၀၀၃၉၆၁ က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံ)**

## ဗိုလ်ကြီးဒေါ်စန်းစန်းဝေ(N-394)ငြိမ်း
### စစ်သူနာပြုအပတ်စဉ် (၁၁)
### အသက် (၇၁) နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ SPACE ကွန်ဒိုမီနီယံ၊ အခန်းအမှတ် (၂၀၃)နေ ဒုဗိုလ်မှူးကြီးကျော်တင့်(ရေ)ငြိမ်း၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာအောင်ကျော်ကျော် (MAB Bank) ၏ ကျေးဇူးရှင်မွေးမိခင်၊ ဗိုလ်ကြီး ဒေါ်စန်းစန်းဝေ(ငြိမ်း)၊ စစ်သူနာပြုအပတ်စဉ်(၁၁)သည် (၁၂-၁၀-၂၀၂၆) ရက် (တနင်္လာနေ့) နံနက်တွင် ရန်ကုန် မင်္ဂလာဒုံစစ်ဆေးရုံကြီး၌ (၉၆)ပါးရောဂါ ဝေဒနာဖြင့် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၂၆ ရက်(ဗုဒ္ဓဟူးနေ့) နံနက် (၁၁:၃၀) နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ အထက်ပါနေအိမ်၌ (၁၈-၁၀-၂၀၂၆)ရက် (တနင်္ဂနွေနေ့) နံနက်တွင် ရက်လည်ဆွမ်းကပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးအင်းဟုတ်
### (တောင်ဥက္ကလာပ)
### အသက် (၇၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၇)လမ်း၊ အမှတ် (၂၀၇) နေ (ဦးတန်အေးကောက်-ဒေါ်အေးကျင်)တို့၏သား၊ (ဦးထွန်းကြည်-ဒေါ်တင်ကြည်)တို့၏ သားသမက်၊ (ဦးထွန်းသန်း-ဒေါ်ကျင်စိန်)တို့၏တူ၊ ဒေါ်ဝင်းတင် ၏မောင်၊ (ဦးစိုးဝင်း)၊ (ဦးစိုးသိန်း)တို့၏ညီ၊ ဦးအင်းဆိုင်၊ ဦးကျင်ဆိုင်တို့၏အစ်ကို၊ ဒေါ်သန်းသန်းဆင့်၏ ချစ်လှစွာသောခင်ပွန်း၊ ကိုငွေးကျော်-မသီတာဝင်း၊ (ကိုသောင်းတန်)၊ ကိုပြည့်စိုးအောင်-မဆွေဆွေလှိုင်၊ ကိုဟန်ထွန်းအောင်-မပွင့်ဖြူခိုင် တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေး(၄)ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် Aryu International Hospital ကြီးတွင် (၉၆)ပါးသောရောဂါဖြင့် ၁၂-၁၀-၂၀၂၆ ရက် (တနင်္လာနေ့) နံနက် (၀၀:၂၇)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ သူရ(၇)လမ်း၊ အမှတ် (၂၀၇)နေအိမ်မှ ကားများ နံနက်( ၁၁:၄၅ )နာရီတွင် ထွက်ခွာပါမည်။

**ကျန်ရစ်သူမိသားစု**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၉) ရပ်ကွက်၊ အကွက်အမှတ်(၁)၊ အကွက်အမည်-အုတ်ကျုတ်တန်းမြောက်၊ ဦးပိုင်အမှတ်-(၁၄-ခ)၊ဧရိယာ(၀.၀၁၉)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်-ဦးပိုင်(၂၄-ခ)၊ (ခ) အနောက်လားသော်-ကျုံးပါတ်လမ်း၊
(ဂ)တောင်လားသော်-ဦးပိုင်(၁၃)၊(ဃ) မြောက်လားသော်-ဦးပိုင်(၁၄-က)၊

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးဇော်မင်းအောင်မှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက၂၀၂၆ခုနှစ်၊ နိုဝင်ဘာလ (၇ )ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါကကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၉)၊ ၆-လွှာအပေါ်ဆုံးထပ်၊ (ခြေရင်းခန်း)ရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပါကြောင်း အမှုအခင်း၊ အရှုပ်အရှင်း ကင်းရှင်းလျက်လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်သီတာဦး(၁၂/ဗတထ(နိုင်)၁၁၃၀၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ကန့်ကွက်လိုသူများသည်ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းကြော်ငြာ အပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ညို (LL.B., D.B.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၈၉)**
**အမှတ်-၁၀/၁၂၊ ပထမထပ်၊ ၃၅-လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉ -၄၄၃၁၀၈၀၂၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ကချင်ပြည်နယ်၊ ထီးချိုင့်မြို့တွင် နေထိုင်သူဖြစ်သော ဒေါ်ခိုင်မာဦး (ဘ) ဦးသိန်းဦး ၅/ထခန(နိုင်)၀၇၅၆၅၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေသည် လူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် အမည်ကောင်းသတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ နေထိုင်ရပ်တည်ပြီး သမာအာဇီဝဖြင့် စီးပွားရှာဖွေနေကြသူဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် May Smile Tik Tok အကောင့်ဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် Tik Tokသုံးစွဲနေသူတစ်ဦးဖြစ်ပါသည်။Htet Oo May Tik Tok အကောင့်အသုံးပြုသူနှင့် myat min thu Tik Tok အကောင့်အသုံးပြုသူတို့နှစ်ဦးသည် အကောင့်တစ်ခုနှင့်တစ်ခု မဟုတ်မမှန်ပြောဆိုခြင်း၊ သတင်းများ၊ ဓါတ်ပုံများ၊ ပို့စ်များကို ဖန်တီးပြုလုပ်ပြီး ကျွန်ုပ်မိတ်ဆွေ ဂုဏ်သိက္ခာကျဆင်းစေရန်၊ အသရေပျက်စေရန်နှင့် ကျွန်ုပ်၏မိတ်ဆွေစီးပွားရေးလုပ်ငန်းများ နှောင့်နှေးပျက်စီးစေရန် တမင်ရည်ရွယ်၍ Tik Tokဆိုရှယ်မီဒီယာအား အသုံးပြုကာ ကျွန်ုပ်မိတ်ဆွေ၏ အသိုင်းအဝိုင်းများနှင့် ပတ်ဝန်းကျင်မှဖြစ်စေ မဟုတ်မမှန် သတင်းများအား ပြောဆိုရေးသားခြင်းများ၊ ဆက်လက်လုံးဝ(လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ပြီးသား အကြောင်းအရာများကိုလည်း ပယ်ဖျက်၍ Htet Oo May Tik Tok အကောင့်နှင့် myat min thu Tik Tok အကောင့်တို့၌ May Smile Tik Tok အကောင့်ပိုင်ရှင်အား ပြန်လည်တောင်းပန်သည့် စကားရပ်များတင်ပေးရန် Htet Oo May Tik Tok အကောင့်အသုံးပြုသူနှင့် myat min thu Tik Tok အကောင့်အသုံးပြုသူတို့အား အသိပေးကြေညာအပ်ပါသည်။ယခုကဲ့သို့ အသိပေးကြေညာခြင်းအား လိုက်နာခြင်းမရှိဘဲ ဆက်လက်ရေးသားဖော်ပြခြင်းများ ဆောင်ရွက်ခြင်း၊ ပြုလုပ်ပြီးသား အကြောင်းအရာများကို ဖျက်စီးခြင်း၊ May Smile Tik Tok အကောင့်ပိုင်ရှင်အား တောင်းပန်ခြင်းတို့ ပြုလုပ်ပေးခြင်း မရှိပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခိုင်မာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းဝင်းနိုင် (LL.B)** | **ဒေါ်မြနှင်းအေး LL.B, CBL,** |
| **တရားလွှတ်တော်ရှေ့နေ** | **(WIPO Switzerland)** |
| **(စဉ်-၁၈၃၅၀/၁၆-၁၀-၂၀၂၃)** | **တရားလွှတ်တော်ရှေ့နေ** |
| **၉လမ်း၊ ၇၆ x ၇၇လမ်းကြား** | **(စဉ်-၁၉၀၉၀/၂၀၂၄)** |
| **အမရဌာနီအရှေ့ရပ်ကွက်၊** | **ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့၊** |
| **အကွက်(၃၂)၊ အောင်မြေသာစံမြို့နယ်၊** | **ဖုန်း-၀၉ -၄၄၉၈၅၃၆၄၉၊ ၀၉-၆၉၄၅၅၆၄၅၁** |
| **မန္တလေးမြို့၊ ဖုန်း-09-793037530** | |

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင်ကျော်
### အသက် (၇၆) နှစ်

Polytechnic University(ကျိုင်းတုံ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်သာထွန်း-ဒေါက်တာသန်းသန်းငွေး၏ ဖခင် ဦးထွန်းအောင်ကျော် (၇၆)နှစ်သည် ၁၀-၁၀-၂၀၂၆ ရက် (၂၂:၀၅) နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Polytechnic University (ကျိုင်းတုံ) မိသားစု**

## ဘုရား ၊ ရဟန်း ၊ သိမ် ၊ ကျောင်း ဒါယိကာမကြီး
## တေးသံရှင် ဂန္ထဝင် - ဒေါ်အေးအေးအောင်
### အသက် (၇၅) နှစ်

ရန်ကုန်မြို့ ၊ ကမာရွတ်မြို့နယ် ၊ (၄)ရပ်ကွက်၊ အမှတ် (၂၀၁/၂၀၂) တိုက်(၆)၊ (၆)လမ်းနေ (ဦးစောလှ-ဒေါ်လှရင်) တို့၏သမီး ၊ ဦးလှမင်း-ဒေါ်ခင်ညွန့်၊ ဒေါ်ငွေးရင်တို့၏ညီမ၊ (ဦးသန်းဝင်းအောင်-ဒေါ်လွဲလွဲဝင်း) ၊ ဦးသက်လွင်-ဒေါ်အေးအေးစိုး တို့၏ အစ်မသည် ၁၂-၁၀-၂၀၂၆ ရက် နံနက် ၃ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၂၆ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ခွာပါမည်။ )

ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကပ်လှူမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်၇၅၆ / ၇၆၀၊ အခန်းအမှတ် ၅(မြေညီထပ်) (ထောင့်ခန်း) ဟုခေါ်တွင်သော အကျယ် ၁၂'X ၁၅' ရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို ပိုင်ဆိုင်ကြောင်း အဆိုပြုသူ (၁) ဦးမျိုးဝင်း (၁၂/ပဘတ (နိုင်) ၀၂၆၁၄၀) (၂) ဦးအောင်ဝင်း (၁၂/ပဘတ(နိုင်)၀၂၅၆၈၆) နှင့် (၃) ဦးရာဇာစိန်ဝင်း (၁၂/ပဘတ (နိုင်)၀၃၁၃၂၇) တို့ထံမှ ကျွန်ုပ် ဦးဇော်မြင့်ဦး (၁၄/ဟသတ(နိုင်)၂၉၇၇၃၁) + ၂ ဦး တို့က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်မြင့်ဦး (၁၄/ဟသတ (နိုင်) ၂၉၇၇၃၁)+၂**
**အမှတ် ၂၅၇၊ ဗိုလ်ဆွန်ပက်လမ်း၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၁၃၄၂၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်နေ ဒေါ်ယင်းမာဦး (၁၂/ကမရ (နိုင်) ၀၅၅၄၇၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြဖေယျာလမ်း၊ တိုက်အမှတ်(၁၀)ဟုခေါ်တွင်သည့် (၃)ခန်းတွဲ RC(၆)ထပ်တိုက်၊ အခန်း(၁၈)ခန်းပါ အဆောက်အအုံရှိ အကျယ်အဝန်းဧရိယာ(အလျားပေ၆၀X အနံ ၁၄ပေ)ရှိ မြေညီထပ် (ခေါင်းရင်းခန်း) ဟုခေါ်တွင်သည့်တိုက်ခန်းနှင့် တိုက်ခန်း၏ ထပ်ခိုးအပါအဝင် တိုက်ခန်းနှင့် တွဲစပ်လျက်ရှိသော ရေမီး၊ လျှပ်စစ်တပ်ဆင်ပစ္စည်းများနှင့်တကွ တိုက်ခန်းအပါအဝင် အဆိုပါ တိုက်ခန်းနှင့်ပက်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမြင့်အောင်(၁၀/သဖရ(နိုင်)၀၆၂၅၅၁) မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအဖွဲ့အစည်း တစ်ခုမှသော်လည်းကောင်း၊ အခြား မည်သူတစ်ဦးတစ်ယောက်သော်လည်းကောင်း၊ပိုင်ဆိုင်အကျိုးခံစားခွင့် လုံးဝမရှိကြောင်း၊ အမွေစားအမွေခံ၊ အပေါင်အနှံမှစ၍သူတစ်ပါးထံသို့ ကြိုတင်ရောင်းချခြင်း၊ အာမခံတင်သွင်းခြင်း ကင်းရှင်းကြောင်းနှင့်အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေသို့ ရောင်းချရန် ကမ်းလှမ်းရာ ဝယ်ယူရန်သဘောတူသဖြင့် အပြီးအပြတ်ဝယ်ယူရန် နှစ်ဦးနှစ်ဖက် သဘောတူညီထားသော ရောင်းဖိုးငွေများအား ပေးချေ၍(၁၀-၁၀-၂၀၂၆)ရက်တွင် ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသူဇွန် LL.B, DBL, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၇၆၂၂)**
**အမှတ်(၁၂)၊ အနောက်အာဇာနည်လမ်း၊ ဆရာစံအနောက်/မြောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၇၁၈၇၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈ ၊ မြေကွက်အမှတ်-၄၉၉ ၊ ဧရိယာ(ပေ၄၀xပေ၆၀) မြေကွက် တည်နေရာအမှတ်(၄၉၉)၊ နဝရတ်အထက်(၃)လမ်း၊ ၈/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်ဆွေ (၁၂/သကတ(နိုင်) ၀၅၄၇၄၄)၊ ဦးကျော်အေး(W/MDY-၃၂၈၇၉၄) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဦးငွေးဇော်မှ တရားလိုပြုလုပ်၍ ဒေါ်မြင့်ဆွေ၊ ဦးကျော်အေးတို့အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၈၅/၂၀၂၄ဖြင့် ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၂-၁၁-၂၀၂၄)ရက်စွဲပါ စီရင်ချက်၊ တရားမဇာရီမှုအမှတ်-၉၅/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇-၁၂-၂၀၂၄)ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျ အပြီးသတ်အမိန့်၊ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင် စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံမြေရာဇဝင် ကူးယူခြင်း၊ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်းစသော ကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန် ဒေါပုံ မြို့နယ်တရားရုံးမှ ဤဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦး (၁၂/တမန(နိုင်)၀၂၉၅၃၁)မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကျော်ကျော်လွင်(ခ)ဦးကျော်
### အသက် (၄၂) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ်(၂) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနှင့် တပင်ရွှေထီးလမ်းထောင့်၊ အမှတ်(၂/၂၃၁)နေ (ဦးတင်မောင်) - ဒေါ်တင်ရွှေ တို့၏သားထွေး၊ ဦးတင်မြင့်(ဒုဝန်ကြီး - ငြိမ်း)-ဒေါ်ရွှယ်ဂျာ၊ (ဦးကျော်စိုး)၊ ဗိုလ်ကြီးဝင်းအောင်(DSA)-ဒေါ်စံပယ်ဦး၊ (ဦးစိုင်းထွန်းနိုင်) - ဒေါ်တင်မာရွှေ၊ ဦးတင်ဝင်းထွန်း-ဒေါ်နိုင်နိုင်ဝင်း၊ ဦးညိုဝင်းနိုင်-ဒေါ်ထားထားဦး၊ ဦးဇော်ဇော်အောင်-ဒေါ်သဲစုတို့၏ညီ/မောင်၊တူ/တူမ(၁၃)ယောက်တို့၏ ဦးလေး၊ ဒေါ်ရီရီမြင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၁-၁၀-၂၀၂၆ရက် (တနင်္ဂနွေနေ့) နံနက်(၁၁:၄၀) နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၃-၁၀-၂၀၂၆(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၂၆ ရက် (စနေနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါ၍ "အထက်ပါ"နေအိမ်သို့ တရားတော်နာကြွရောက်ပါရန်လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် စတင်ထွက်ခွာပါမည်။ )

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၊ အထက ခွဲ(ဘုရားငူ) Grade-11 မှ မဒီဇင်ဘာဦး ၏ ဖခင် အမည်မှန်မှာ ဦးကိုဆန်း ၁၄/ရကန (နိုင်)၁၂၂၃၀၃ ဖြစ်ပါကြောင်း။

**ဦးကိုဆန်း**

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ အထက (နမ္မတီး) Grade-6 မှ မောင်သန့်ဇေယျာကို၏ ဖခင်အမည်မှန်မှာ ဦးအောင်လှိုင် ၁/ကမန(နိုင်)၁၃၉၆၈၉ ဖြစ်ပါကြောင်း။

**ဦးအောင်လှိုင်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊မြို့သစ်ကြီးရပ်ကွက်၊ကွင်းအမှတ်(၁၅/၂-၆၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ်(၁၀၅)၊ မြေဧရိယာ (၀.၁၈၄)ဧကရှိမြေကွက်သည် မူလက ဦးမခေါ်လအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဂရန်အမည်ပေါက်သူ ဦးမခေါ်လထံမှ ဦးပိုင်(၁၀၅/ခ)၊ မြေဧရိယာ(၀.၀၉၂)ဧကအပိုင်းကို ဦးကျော်မင်းစိုးက(၂၆-၁၂-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူအိမ်ဝိုင်းမြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ယခုအခါဦးကျော်မင်းစိုး ၁/မကန(နိုင်)၁၇၂၄၁၆ အမည်ဖြင့် ဦးပိုင်ခွဲ၊အမည်ပြောင်း မြေငှားဂရန် အသစ်ရရှိရေးအတွက် (၂၉-၆-၂၀၂၆) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၅၇၇/၂၀၂၆)ကို (၃-၇-၂၀၂၆)ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ်(၃၈၇/၂၀၂၆)ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့် ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂/၂၃)ကမာရွတ်၊ လူနေရပ်ကွက်အမှတ်(၂၆/၂၈)သမိုင်း၊ မြေကွက်အမှတ်-(၁၀၃/၃)ပေါ်တွင် ဆောက်လုပ်ထားသော Parami Valley Residence စီမံကိန်း၏ (၈ခန်းတွဲ ၁၁ ထပ်)အဆောက်အအုံ၏ (၁၀)ထပ် (၁၁)လွှာတွင်တည်ရှိသော အခန်းအမှတ် C- 1 (1004)၊ (၁၁၉၆)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး ရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးသူရဝင်း (၁၂/မရက(နိုင်)၀၀၃၁၉၆) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြူစင်မိုး (၁၂/အစန(နိုင်) ၀၀၀၈၈၄)က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူစင်မိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင် (LL.B, D.IP.L) အထက်တန်းရှေ့နေ (စဉ်-၅၅၂၀၃)**
**အမှတ်-၂၅၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၅၁၅၂၅၈၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(မြောက်)ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ်(၃)၊ ဒုတိယထပ်၊ ၃-လွှာ၊ (ဘီ/လက်ယာဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ချိုဇင်ထွန်း (၁၂/စခန(နိုင်)၀၆၁၃၄၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ထွယ်ဆန်ရာ (၁၃/ကခန(နိုင်)၀၈၅၆၇၂)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃)** | **ဒေါ်ခင်စောသိန်း(LL.B)(စဉ်-၁၃၂၈၆)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B , LL.M)(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H) ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉ -၄၄၃၀၂၆၁၉၉၊ ၀၉- ၇၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန်အရှေ့ရပ်)၊ မြေကွက်အမှတ်(A-၂၃၉)၊ မြေဧရိယာ(၀ဒသမ၂၂၉)ဧကရှိ ဒေါ်မြသဥ္ဇာဟန်(ဘ)ဦးဟန်တင်ဦး ၁၂/မဂဒ(နိုင်)၀၉၃၄၃၀ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်မြသဥ္ဇာဟန်မှ ဦးအောင်စိုးကျော်(ဘ)ဦးကျော်စွာသွင် ၁၂/ဗတထ(နိုင်)၀၄၃၆၂၃နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ ရွှေကူရပ်ကွက်၊ အကွက်အမှတ်(၅)ရွှေကူ၊ ဦးပိုင်အမှတ်-၂၉၄၊ မြေဧရိယာ (၀.၀၆၄)ဧကရှိ မြေယာကွက်မှာ ဦးလှဝင်း အမည်ထွက်ဘိုးဘပိုင်မြေကွက်ဖြစ်ပြီး၊ အဆိုပါ မြေကွက်ကို ဒေါ်မြအေးမှ ဒေါ်စန္ဒာဝင်းအား မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းမှတ်ပုံတင် စာချုပ်အမှတ်- ၁၅၅/၂၀၂၆ ဖြင့် ချုပ်ဆိုခဲ့ပြီးဖြစ်၍ ၎င်းဘိုးဘပိုင်မြေကွက်အား အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၈-၁၁-၂၀၂၆) ရက် နောက်ဆုံးထား၍ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဘိုးဘပိုင်မြေအား အမည်ပြောင်း ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာဝင်း**
**လက်သမားလမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဘုတလင်မြို့၊ ခုံမင်းကြီးရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်(၄/ခုံမင်းကြီး)၊ ဦးပိုင်အမှတ်( F-၁၄ )၊ ဧရိယာ ( ၀ဒသမ၂၁၆ )ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ်၊ ၃၃၄ V ၂၀၀၂-၂၀၀၃ အရ ဒေါ်ခင်ညိုသိန်း အမည်ဖြင့် (၂၀-၉-၁၉၉၅)မှ (၁၉-၉-၂၀၂၅) အထိ နှစ် (၃၀) ရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်ခင်ညိုသိန်း အမည်ဖြင့် မြေငှားစာချုပ်(သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာ ကြော်ငြာသည့် (၅-၁၀-၂၀၂၆) ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## သွေးသည်အသက်

❖ နိုင်ငံတော်ရှေ့သီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ငါးထပ်အဆောက်အအုံအား ယာဉ်ယန္တရားဖြင့် စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှုကို တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၁၃ ထပ်အဆောက်အအုံ တစ်လုံးအား ထပ်မံဖြိုချဖျက်ဆီး ကျန်အဆောက်အအုံများအား ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၁၂

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM)များ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အများဆုံးအခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ တရားမဝင်အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများကို စာမျက်နှာ ၁၇ ကော်လံ ၁ ❑

## အသင်း ၁၀ သင်းပါဝင်မည့် M League II 2026 - 2027 ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

M League II 2026–2027 အမှတ်ပေးဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း စုစုပေါင်း ၁၀ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်၊ ရာမညယူနိုက်တက်၊ University FC ၊ Manaw FC ၊ Royal Dagon FC ၊ Enjoy Brother FC ၊ VUE Nay Pyi Taw FC ၊ Elite Kings FC ၊ Asia Lion FC နှင့် Junior Lions FC တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ■




ယနေ့ ဖတ်စရာ

အမေရိကန်ပါမောက္ခနှစ်ဦး စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆု ရရှိ
နိုင်ငံတကာသတင်း စာ ၁၄

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၉) သင်တန်းဖွင့်ပွဲများအား တိုင်းစစ်ဌာနချုပ် အသီးသီး၌ ကျင်းပပြုလုပ်
ပြည်တွင်းသတင်း စာ ၁၇


## ရန်ကုန်ယူနိုက်တက်နှင့် ဒဂုံစတားတို့အနိုင်ရပြီး ရှမ်းနှင့် ရောဝတီ သရေကျ



ရန်ကုန် အောက်တိုဘာ ၁၂

M League 2026 U–20 အမှတ်ပေးဘောလုံးပြိုင်ပွဲ အပတ်စဉ်(၁၉) ပထမနေ့ပွဲစဉ်များကို ယနေ့ ညနေ ၃ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်နှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်နှင့် ရောဝတီယူနိုက်တက်အသင်းပွဲစဉ်တွင် နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် အဆင့်(၂)နေရာမှ ရန်ကုန်ယူနိုက်တက်အသင်းသည် အဆင့်(၆)နေရာမှ FALCON အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၁)နေရာ၌ ရပ်တည်နိုင်ခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် မိနစ် ၃၀ တွင် ဇေထက်အောင်က ပယ်နယ်တီဧရိယာအတွင်းမှ

စာမျက်နှာ ၂၀ ကော်လံ ၁ ▲



## တရုတ်အိုးပင်းအမျိုးသမီး နှစ်ယောက်တွဲဖလား ဒါဘောစကီးနှင့် စတက်ဖနီအတွဲ ဆွတ်ခူး

တရုတ်အိုးပင်းတင်းနစ်အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ယမန်နေ့က တရုတ်နိုင်ငံ ပေကျင်းမြို့၌ကျင်းပခဲ့ရာ ဂါဘရီရယ်လာ ဒါဘောစကီး(ကနေဒါ)နှင့် လူစီယာစတက်ဖနီ(ဘရာဇီး)အတွဲက ကျန်းရွှေ(တရုတ်)နှင့် ကာထရီနာ ဆီနီယာကိုဗာ(ချက်ဇ်)အတွဲကို ၆–၁၊ ၆–၂ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၁ ကော်လံ ၁ ❖

## ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့် ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့၌ ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၁၂

ပျော်ဘွယ်မြို့နယ်၌ ငွေကျပ် ၃၇၅ သိန်းတန်ဖိုးရှိ ဘိန်းစိမ်း၊ ဘိန်းဆီခဲများနှင့် ကြည့်မြင်တိုင်မြို့နယ်နှင့် လှိုင်မြို့နယ်တို့တွင် ငွေကျပ် သိန်း ၆၄၀ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် သတင်းအရ ပျော်ဘွယ်မြို့နယ် တောင်ဂွရွာအနီးတွင်

စာမျက်နှာ ၂၀ ကော်လံ ၁ ❁



စိုးမင်း၊ စိုင်းလုံဝမ်း၊ လင်းထက်အောင်၊ ရှမ်းကြီး(ခ) ဘမော်နှင့် ဇင်မင်းထွေးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။